မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၇၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်းပြည်ပကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့်ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံးပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်လျက်ရှိသော ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းနှင့် စည်ပင်သာယာဖွံ့ဖြိုးတိုးတက်လျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၁၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်း *စာမျက်နှာ ၈ ကော်လံ ၁* *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အဆင့်မြင့်မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်)

နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ်စီမံကိန်း အမြန်ပြီးစီးရန်တည်ဆောက် ဓာတ်အားအလေအလွင့် မရှိစေရေး စနစ်တကျဖြန့်ဖြူးနိုင်ရန် ကြိုးပမ်း

မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီဇင်ဘာလ ၁၀ရက်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၉၀၊ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၃၅၅၀ ထုတ်လုပ်ဖြန့်ဖြူးပေးမည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံ အလျား၂၂၆၄ပေ၊ အမြင့် ၄၃၃ပေ ကွန်ကရစ်တမံ ပင်မတမံကို တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

စီမံကိန်း၏ အစိတ်အပိုင်းများဖြစ်သော ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် အဝင်၊အထွက်အဆောက်အအုံများ၊ ရေယူအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း စသည်တို့ကို သတ်မှတ်ချိန်အတွင်းပြီးစီးရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စက်ရုံမှ ဖြန့်ဖြူးပေးနိုင်မည့် ဓာတ်အားမဂ္ဂါဝပ်၇၉၀ကို မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ ပို့လွှတ်နိုင်ရန်အတွက် ရဲရွာ ဘယ်လင်း(ကျောက်ဆည်) ၂၃၀ကေဗွီဓာတ်အားလိုင်း၊ ရဲရွာ-မိတ္ထီလာ ၂၃၀ကေဗွီဓာတ်အားလိုင်းနှင့် ဘယ်လင်း-မိတ္ထီလာ ၂၃၀ကေဗွီဓာတ်အားလိုင်းများကို တည်ဆောက်သွယ်တန်းထားသည်။

နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသည့်အပိုင်းကို ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံ ဖြန့်ဖြူးပေးသည့်အပိုင်းကိုလည်း ချိန်ကိုက်ပြီးစီးရန်၊ ဓာတ်အားအလေအလွင့် အဆုံးအရှုံးမရှိရန်၊ စနစ်တကျဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့သည်။

သို့ဖြစ်၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးသည် နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ရာ စီမံကိန်းကြီးတည်ဆောက်ပြီးစီးသည်နှင့်အမျှ နိုင်ငံတော်နှင့်ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင် ပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

မော်လမြိုင် ပညာရေးကောလိပ်(ယခင် မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ)တွင် ပညာသင်ကြားခဲ့ကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် မိမိတို့အား ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီး ၇၅ဦးတို့အား ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကောလိပ်၌ တတိယအကြိမ် ပူဇော်ကန်တော့ပွဲ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ငွေလှူဒါန်းလိုသူများသည် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးများမှတစ်ဆင့် ပြည်နယ်၊ တိုင်း ပညာရေးမှူးများ (မွန်၊ကရင်၊တနင်္သာရီ၊ဧရာဝတီ၊ပဲခူး)ထံ ဆက်သွယ်၍လည်းကောင်း၊ ဦးထွန်းရီ ဖုန်း-၀၅၇-၂၇၁၄၉၊ ဦးအန်းကူ ဖုန်း-၀၅၈-၂၁၁၃၃၊ ဦးခင်မောင်ဦး(သံဖြူဇရပ်)၊ မော်လမြိုင်ပညာရေးကောလိပ်မှ ဦးမင်းပန်းအေး၊ ဒေါ်မေသန်းကြည်၊ ဒေါ်သန်းသန်းဝေ ဖုန်း-၀၅၇-၂၇၁၀၇၊ ဒေါ်ဟန်ရွှေ ဖုန်း-၀၅၈-၂၁၉၂၁တို့သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်သည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် အကျိုးဆောင်အဖွဲ့မှ ဖိတ်ကြားနိုးဆော်ထားပြီး မော်လမြိုင်သို့ လိုက်ပါလိုသူများသည် အငြိမ်းစားဆရာမ ဒေါ်သန်းငွေ ဖုန်း-၀၁-၅၁၀၇၇၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြဝတီ ရုပ်မြင်သံကြား

၁၅-၁၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၀၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၁၅	၉။	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၃၃)

မန္တလေး မနော်ဟရီလမ်း ၄၈ လမ်းနှင့် ၆၂လမ်းကြား ကတ္တရာလမ်းသစ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၁၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်သော မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း ၄၈လမ်းနှင့် ၆၂လမ်းကြား ကတ္တရာထပ်ပိုးလွှာတင် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၇နာရီခွဲက မနော်ဟရီလမ်းပေါ်ရှိ ၆၁လမ်းထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းသစ်သည် စုစုပေါင်းအရှည် ၇၄၃၁ပေမှ ထပ်ပိုးလွှာတင် အကျယ်၁၈ပေရှိကာ လမ်းဘေးဝဲယာလေးပေကို ကျောက်ကြီးစီ ကျောက်ပျက်ခင်းပြီး လမ်းပခုံးကို အခိုင်အမာပြုလုပ်ထားသဖြင့် လမ်းအကျယ်၂၆ပေ အသုံးပြုနိုင်ပြီး လမ်းသစ်ကို ၂၀၀၈ခုနှစ် မေ ၁၂ရက်မှစ၍ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မြင်းမိုရ်နှလုံးသား** တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၇:၄၅-၁:၄၅	နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (အပိုင်း-၂)
၈:၁၅-၂:၁၅	Art Vision (Myanmar Dance & Beauty Art Exhibition)
၈:၃၅-၂:၃၅	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၈:၄၅-၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀-၂:၅၀	ဆန်းသစ်အလှတိုးရွှေချည်ထိုး
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	Eternal Festival (အပိုင်း-၂)
၉:၅၅-၃:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ကျော်ထူးနှင့် တွေ့ဆုံခြင်း)
၁၀:၂၅-၄:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	ကိုမောင်မြင့်တို့ပျော်နေပုံများ
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၅-၄:၅၅	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ
၁၁:၁၅-၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၁၁:၄၀-၅:၄၀	တိုင်းရင်းသားအက
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **၉၉.၉**
၁၂:၂၀-၆:၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ဂျပန်ရေညှိထမင်းလိပ်နှင့် ငါးစိမ်းထမင်းဆုပ် ပြုလုပ်နည်း)
၁၂:၄၅-၆:၄၅	Activities in the City (သင်သိသင့်သော ကင်ဆာရောဂါနှင့် ကြိုတင်တားဆီး ကာကွယ်ရေး)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

The 7th Myanmar ICT Week 2008 Exhibition

ညပိုင်း	အစီအစဉ်	ပြသမည့်လိုင်း
၈:၀၀	The 7th Myanmar ICT Week 2008 Exhibition ပြပွဲအစီအစဉ်များ	MRTV- 4

နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ တာမွေ အထက(၁)တွင် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၉ရက် မွန်းလွဲ၁နာရီက တာမွေ အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ညိုညိုလှက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က မိမိဘဝကို ဘယ်လိုမြှင့်တင်မလဲခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(ယာပုံ)**

ဟောပြောပွဲ အပြီးတွင် ပြသထားသော စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှု လေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး အမွေခံပတ်ဝန်းကျင်ကောင်းများ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိ မျိုးဆက်သစ်လူငယ်များအား ၂၁ရာစုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည့် အမျိုးသားရေးအင်အားစုများအဖြစ် ပြုစုပျိုးထောင်

နေပြည်တော် ဒီဇင်ဘာ ၁၄

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ ယခု တက်ရောက်ခဲ့ကြသည့် သင်တန်းတွင် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက် သဘောထားများ ပိုမိုခိုင်မာမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ အောင်မြင်ရေးအတွက် ပိုမိုစွမ်းဆောင်နိုင်မှု အကျိုးရလဒ်များ မလွဲဧကန် ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း။

အထောက်အကူပြု

ပညာရေးကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည့် မျက်မှောက်ကာလတွင် အခြေခံပညာဆရာ၊ ဆရာမများ၏ အရည်အသွေး ထက်မြက်မြင့်မားမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ရေရှည်ထိန်းသိမ်းသွားမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်း နေစေရေးအတွက် အဓိက အထောက်အကူပြုလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမျိုးသားရေး လိုအပ်ချက်များအရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တာဝန်ယူ ဆောင်ရွက်နေရချိန်တွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ အမွေခံပတ်ဝန်းကျင်ကောင်းများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း လွှဲပြောင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုးချဲ့တည်ဆောက်

ပြည်နယ်နှင့်တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းနိုင်သမျှလျော့နည်းစေရန် ကားလမ်း၊ ရထားလမ်း၊ တံတားစသည့် အခြေခံ အဆောက်အအုံများကို ကွန်ရက်ပမာ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့ပြီး ဒေသတိုင်းတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအခွင့်အလမ်းများ၊ ပတ်ဝန်းကျင်ကောင်းများ ကွာဟမှု အနည်းဆုံးနှင့် မျှတစွာပေါ်ထွန်းလာစေရေး ကြိုးပမ်းဖော်ဆောင်ပေးခဲ့ကြောင်း၊ ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ရေးအတွက် အခြေခံပညာကျောင်းများမှ တက္ကသိုလ်အဆင့်အထိ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများနှင့် စာသင်ခန်းများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ ဆရာ၊ဆရာမများတာဝန်ယူ ပြုစုပျိုးထောင်ပေးနေသည့် တပည့်ကျောင်းသားကျောင်းသူများသည် အနာဂတ်ကာလ နိုင်ငံတော်၏ မျက်နှာစာအသီးသီးတွင် လက်ဆင့်ကမ်း သမိုင်းပေးတာဝန်များကို ထမ်းရွက်သွားကြမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအနက် အခြေခံပညာကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူမှုပြီးမြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့် ရရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲရေး၊ အခြေခံပညာ အဆင့်အလိုက် ကူးပြောင်းသင်ယူနှုန်း မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

စံနမူနာပြ

ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်များအပေါ် အခြေပြုပြီး ဒေသအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးခြင်းဖြင့် တပည့်ကျောင်းသား ကျောင်းသူများအား စာသင်ခန်းအတွင်း၌ ထူးချွန်ထက်မြက်ရုံသာမက ကျောင်းတွင်းကျောင်းပြင်၌ အများအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးထမ်းရွက်သည့်လူငယ်လူရွယ်များအဖြစ်စံနမူနာပြ ပြုစုပျိုးထောင်ကြရမည် ဖြစ်ကြောင်း။

မျက်မှောက်ကာလ (၂၁)ရာစု၌ လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ်ပေါ်ပေါက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် ပြောင်းလဲနေသည့် ပညာရေးသဘောတရားများ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုပညာရပ်များ၊ သတင်းဆက်သွယ်မှုနည်းပညာ၊ နိုင်ငံတကာသုံးဘာသာစကားများကိုလည်း ထိတွေ့ကျွမ်းကျင်နေစေရေးအတွက် အစဉ်အမြဲ လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မျိုးဆက်သစ်လူငယ်များအား ၂၁ရာစုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည့် အမျိုးသားအင်အားစုများအဖြစ် ပြုစုပျိုးထောင်နိုင်မည် ဖြစ်ကြောင်း။

ဂုဏ်ပြုခံထိုက်သူများ

ပညာရေးကဏ္ဍ၏ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်လှသည့် လုပ်ငန်းတာဝန်များ အပ်နှင်းခြင်းခံရသော ဆရာ ဆရာမများ အားလုံးအနေဖြင့် ဝါသနာနှင့် စေတနာကို အရင်းခံပြီး မိမိတို့၏ဘဝကို ပေးဆပ်အနစ်နာခံမှု၊ ဖွဲလုံ့လ၊ ဝီရိယနှင့် စွမ်းရည်များ အပြည့်အဝစိုက်ထုတ် အကောင်အထည်ဖော်မှုများသည် သာမန်အသက်မွေးဝမ်းကျောင်း လုပ်ငန်းထက်ကျော်လွန်ပြီး လူ့အဖွဲ့အစည်း၏ သားကောင်းသမီးမွန် ရတနာများအဖြစ် ဂုဏ်ပြုခံထိုက်သူများ ဖြစ်ကြောင်း။

အစဉ်အမြဲကြိုးပမ်း

မျိုးဆက်သစ်လူငယ်များအား ပညာပြည့်ဝနလုံးလှသည့် နိုင်ငံ့သားကောင်းလူရည်မွန်များအဖြစ် အရေအတွက်ရော၊ အရည်အချင်းအရပါ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းစွမ်းဆောင်သွားကြရေး၊ အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်များအပေါ် အခြေပြုပြီး ဒေသအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးခြင်းဖြင့် စံနမူနာပြ ပညာရေးဝန်ထမ်းကောင်းများအဖြစ် ရပ်တည်အားထုတ်သွားကြရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စု စိတ်ဓာတ်များ လူငယ်လူရွယ်များအတွင်း ပြန့်ပွားခိုင်မြဲစေရေး အစဉ်အမြဲ ကြိုးပမ်းသွားကြရေးတို့ကို မှာကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာ ကသ အမှတ် အက်(ဖ်)-၁၁၀ ဦးအောင်စိုးဦး၊ သင်တန်းသူ စံပြဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် တောင်ဘီ လယ်ယားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ကသ အမှတ် အေ-၈၅ ဒေါ်နန်းမေသဇင်ထွန်း၊ သင်တန်းသား ဖွဲလုံ့လဆုရ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မူးကြီးကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ကသ အမှတ်အက်(ဖ်)-၁၀၃ ဦးစိုးတင့်၊ သင်တန်းသူ ဖွဲလုံ့လဆုရရှိကြသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသ အမှတ် အေ-၆၈ ဒေါ်သန်းယဉ်နှင့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၃၁) အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ် အေ-၇၈ ဒေါ်ခင်မာကျော်၊ စံပြအဆောင် ဆုရ အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင်(၂) နှင့် အမျိုးသမီး အမှတ်(၂)တပ်ခွဲအဆောင်(၇)တို့မှ သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များအား ပေးအပ်ချီးမြှင့်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ၂၂၃ဦး၊ သင်တန်းသူဆရာမ ၁၀၈၂ဦး စုစုပေါင်းသင်တန်းသားသင်တန်းသူ ၁၃၀၅ဦးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

သင်တန်းသူ စံပြဆု

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသူ စံပြဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် တောင်ဘီ လယ်ယားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နန်းမေသဇင်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(ဝန်ထမ်းဟောင်းများ) နဝမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အငြိမ်းစားယူသွားခဲ့သော အသက်၇၅နှစ်အထက် ဝန်ထမ်းဟောင်းများအား နဝမအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၃၈ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ၂၇ရက် (စနေနေ့) ကရင်နှစ်သစ်ကူးနေ့ နံနက် ၁၀နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသက်၇၅နှစ်အထက် ဝန်ထမ်းဟောင်းများ စာရင်းပေးပို့ကြပါရန်နှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများက သက်ကြီးပူဇော်ကန်တော့ပွဲသို့ တက်ရောက်ပူဇော်ကြရန် နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေနှင့် လှူဖွယ်အစ္စည်းများကို ဦးတင်မြင့် ဖုန်း-၀၁-၅၇၃၈၀၆၊ ဦးစံမိုးမောင် ဖုန်း-၀၁-၅၂၆၄၅၅၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁-၈၅၁၃၂ နှင့် ဒေါ်ခင်စန်းရီ ဖုန်း-၀၁-၃၈၂၅၃၉၊ ၀၁-၃၉၁၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

● ကျောဖုံးမှ

ဖွင့်လှစ်ခဲ့

ထိုသို့စီမံဆောင်ရွက်ပေးမှုတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၁၅)က တာဝန်ယူတည်ဆောက်ခဲ့သော ကချင်ပြည်နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းမကြီးပေါ်ရှိ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန်တံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၀၇ခုနှစ် ဇူလိုင်၁၈ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ခက်ခဲခဲ့

တစ်ချိန်တစ်ခါက ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပြည်နယ်တစ်ခုဖြစ်သည်။ မီးရထားလမ်းနှင့် လေကြောင်းကိုသာ အားထားခဲ့ရပြီး ကားလမ်းများသည်လည်း ဖြောင့်ဖြောင့်တန်းတန်း တောက်လျှောက်သွား၍ရသည့် လမ်းများ မဟုတ်ဘဲ ခက်ခဲပင်ပန်းစွာ သွားလာခဲ့ကြရသည့် လမ်းများဖြစ်သည်။ ဒေသခံတိုင်းရင်းသား ပြည်သူများမှာလည်း တစ်ချိန်က မြစ်ကြီးနား-နမ္မတီး-တနိုင်းခရီးလမ်းရှိ ကြမ်းတမ်းမှု၊ မလုံခြုံမှုစသည့် အနိဋ္ဌာရုံများကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။

ယခုအခါ ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်၍ တစ်ချိန်က ကျီးလန့်စာစား သွားလာခဲ့ရသည့် မြစ်ကြီးနား-နမ္မတီး-တနိုင်းကားလမ်းသည် ကောင်းမွန်ချောမွေ့လာပြီး နာရီပိုင်းဖြင့် ခရီးပေါက်နေပေပြီ။

လုံခြုံစိတ်ချစွာ

ဒွန်ဘန်တံတားသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းပေါ်တွင် အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။ တံတားမှာ R.P.T သံပေါင်သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး ရာသီမရွေး လုံခြုံစိတ်ချစွာ သွားလာနိုင်ခဲ့ပြီဖြစ်သည်။ တံတားကို ကျပ်၂၈၅၅သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ၂၁၆ပေ ရှိကြောင်း သတင်းမှတ်တမ်း ပြုစုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာ ၁၄ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင်(-၄) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၅ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဒီဇင်ဘာ၁၅ရက်(**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့်သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ၁၅ရက် (**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည် ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မိုဆူးလ်ဝန်းကျင်တွင် အီရတ်တပ်ဖွဲ့များ စစ်ဆင်ရေးဆောင်ရွက် အကြမ်းဖက်သမားများဟု သံသယရှိသူ ၄၈ဦးအား ဖမ်းဆီးထိန်းသိမ်း

မိုဆူးလ် ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံ နိနီဝါပြည်နယ် မိုဆူးလ်မြို့တောင်ပိုင်း၌ အီရတ်ပူးပေါင်းစစ်ဆင်ရေး တပ်ဖွဲ့များက လုံခြုံရေးစစ်ဆင်မှုများ ပြုလုပ်ခဲ့ရာ ဖမ်းဝရမ်းထုတ်ထားသူများနှင့် အကြမ်းဖက်သမားများဟု ယူဆရသူ ၄၈ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိနီဝါစစ်ဆင်ရေးဌာနချုပ် (အင်န်အိုစီ)မှ အရာရှိ သတင်းရပ်ကွက်တစ်ခုက ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖမ်းဆီးထိန်းသိမ်း

အီရတ်နိုင်ငံ နိနီဝါပြည်နယ် မိုဆူးလ်မြို့တောင်ပိုင်း ဟမ်မမ်အယ်လ်အလီအရပ်နှင့် အနီးဝန်းကျင်ရှိကျေးရွာများတွင် အီရတ်ပူးပေါင်းစစ်ဆင်ရေးတပ်ဖွဲ့များက စစ်ဆင်မှုပြုလုပ်ခဲ့ရာ ဖမ်းဝရမ်းထုတ်ထားသူ ၃၁ဦးနှင့် အကြမ်းဖက်သမားများဟု ယူဆရသူများအပါအဝင် စုစုပေါင်း ၄၈ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က အဆွတ်အယ်လ် အီရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

တည်ရှိ

ယင်းစစ်ဆင်ရေး၏ အသေးစိတ်အချက်အလက်များကိုမူ ယင်းသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။ မိုဆူးလ်မြို့သည် အီရတ်နိုင်ငံ နိနီဝါပြည်နယ်၏ မြို့တော်ဖြစ်ပြီး မြို့တော်ဘဂ္ဂဒက်၏ မြောက်ဘက် ၄၀၅ကီလိုမီတာအကွာတွင် တည်ရှိသော မြို့ကြီး ဖြစ်သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၅၅မိုင်အကွာ ကယ်ကွတ်မြို့ စားသောက်ဆိုင် တစ်ဆိုင်၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်ဆိုင်အတွင်း အပျက်အစီးများကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။
(ယင်းဖြစ်ရပ်တွင် ၅၇ဦးသေဆုံးပြီး ၁၀၅ဦးဒဏ်ရာ ရရှိခဲ့သည်။)
(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများ ဆေးရုံတွင် ကုသမှုခံယူနေရသည်ကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ ၁၇၈ဦးရှိသွားပြီဖြစ်

လန်ဒန် ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံ ဘာဆာရာမြို့ရှိ သံချပ်ကာတပ်တွင် အမှုထမ်းဆောင်နေသူ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ကြေညာသည်။

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လအတွင်းက အမေရိကန်ဦးဆောင်သည့် တပ်များကျူးကျော်ပြီးကတည်းက အီရတ်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၈ ဦးရှိသွားပြီဖြစ်သည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ် ဆဝက်တောင်ကြားဒေသတွင် ဒီဇင်ဘာ ၁၃ ရက်က လမ်းဘေး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌ အိုးမဲ့အိမ်မဲ့ပို၍များလာ စီးပွားရေးကျဆင်းမှုကြောင့် ရိက္ခာကူညီရန်လိုအပ်

ဘော့စတွန် ဒီဇင်ဘာ ၁၄

အမေရိကန်မြို့ကြီး၂၅မြို့မှ ဒေသခံအများစုသည် ပြီးခဲ့သည့်တစ်နှစ်တာ ကာလအတွင်း အိုးမဲ့အိမ်မဲ့ဘဝ၊ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ပိုမိုရင်ဆိုင်ခဲ့ရကြောင်း ဒီဇင်ဘာ ၁၂ရက်က အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ရွေးနုတ်ခွင့်ပိတ်ပင်မှု

ယင်းသို့ ကြုံတွေ့ရခြင်းမှာ ရွေးနုတ်ခွင့်ပိတ်ပင်မှု အကျပ်အတည်းကြောင့် ဖြစ်ကြောင်း အမေရိကန်မြို့တော်ဝန်များညီလာခံ၏ကွင်းဆင်းလေ့လာချက်အရ သိရသည်။

ပိုမိုများပြား

မြို့ကြီး ၂၁ မြို့စလုံး၌ ပထမအကြိမ် စားနပ်ရိက္ခာ အကူအညီတောင်းသူဦးရေ ပိုမိုများပြားလာခဲ့သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ စားနပ်ရိက္ခာဈေးနှုန်းမြင့်လာမှုကြောင့် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

သေနတ်သမားများ ပစ်ခတ်မှု တီကရစ်တွင် အရပ်သားနှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံ တီကရစ်မြို့တောင်ပိုင်း ဘာလတ်ဆင်ခြေဖုံးဒေသအနီး၌ ဒီဇင်ဘာ ၁၃ရက်က အမည်မသိ သေနတ်သမားများ ရုတ်တရက် ဝင်ရောက်ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိသွားခဲ့ကြောင်း အဆွတ်အယ်လ်အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပစ်ခတ်တိုက်ခိုက်ခံရ

တီကရစ်မြို့တောင်ပိုင်းရှိ ဘဂ္ဂဒက်မြို့နှင့် မိုဆူးလ်မြို့ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးထိခိုက်ဒဏ်ရာရသူများမှာ ဘဂ္ဂဒက်မြို့တော်မှ ဘာလတ်ဒေသမြို့သို့ ပြန်အလာတွင် ပစ်ခတ်တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

စိုးရိမ်ရ

ဒဏ်ရာရရှိသူနှစ်ဦးတွင် ကလေးငယ်တစ်ဦးပါဝင်ပြီး ၄င်း၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြသော်လည်း သေနတ်သမားများမှာ လွတ်မြောက်သွားခဲ့ကြောင်း မျက်မြင်တစ်ဦးက ပြောကြားသည်ကိုကိုးကား၍ ယင်းသတင်း၌ ဖော်ပြသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်၌ စစ်ဆင်ရေးဆင်နွှဲ အကြမ်းဖက်သမား တစ်ဦးသေဆုံး ၁၆ဦးဖမ်းဆီးနိုင်ခဲ့

ကဘူးလ် ဒီဇင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်မြို့နှင့်တောင်ပိုင်း ဇာဘူလ်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ တာလီဘန်အကြမ်းဖက် တပ်ဖွဲ့ဝင်များအား ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ အကြမ်းဖက်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၆ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၃ရက်က သတင်းထုတ်ပြန်သည်။

ကဘူးလ်မြို့ အရှေ့မြောက်ပိုင်းတွင် ပြုလုပ်သော စစ်ဆင်ရေးမှ အကြမ်းဖက်သမားရှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းနောက် အကြမ်းဖက်သမားများ၏ ရှက်ဖျင်တဲအတွင်း အမြောက်တစ်လက်၊ ဖောက်ခွဲရေးပစ္စည်းများနှင့် အေကေ-၄၇သေနတ် အလက် ၂၀ကိုပါ သိမ်းဆည်းနိုင်ခဲ့သည်။

ဇာဘူလ်ပြည်နယ်တွင် ပြုလုပ်သော စစ်ဆင်ရေး၌ အကြမ်းဖက်သမားတစ်ဦး သေဆုံးပြီး တာလီဘန် အကြမ်းဖက်ခေါင်းဆောင်တစ်ဦး အပါအဝင် အကြမ်းဖက်သမားရှစ်ဦးအားလည်း ဖမ်းဆီးနိုင်ခဲ့သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ကဘူးလ်မြို့ တောင်ဘက် ဝါဒက်ပြည်နယ်တွင် နေတိုးတပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောယာဉ်ကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ

ဂျူပီတာဂြိုဟ်အနီး ကာဗွန်ဒိုင်အောက်ဆိုက်တွေ့ရှိ

ဂျူပီတာဂြိုဟ်အနီးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ခဲတင်ငွေ့များ တွေ့ရှိရကြောင်း ဟူဘယ်လ်အာကာသ အဏုကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာနေသော နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။

ဂျူပီတာဂြိုဟ်အနီးတွင် ကြယ်တာရာပေါင်းများစွာရှိရာ ဟူဘယ်အာကာသ အဏုကြည့်မှန်ပြောင်းဖြင့် ရှာဖွေကြည့်ရှုရာ၌ အရွယ်အစားကြီးမားသော ကြယ်တာရာပေါင်း ၃၀၀ခန့် တွေ့ရှိရသည်ဟုဆိုသည်။ အဆိုပါ အရွယ်အစားကြီးမားသော ကြယ်တာရာများမှာ အပူစွမ်းအင်များ ဖြာထွက်နေသဖြင့် ဂျူပီတာဂြိုဟ်အနီး ကာဗွန်ဒိုင်အောက်ဆိုက်ခဲတင်ငွေ့များ ရစ်သိုင်းနေမှုကို တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ပထမဆုံး

ဂျူပီတာဂြိုဟ်အနီးဝန်းကျင်၌ ကာဗွန်ဒိုင်အောက်ဆိုက်ခဲတင်ငွေ့များ တွေ့ရှိရမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခင်က အာကာသ အဏုကြည့်မှန်ပြောင်းဖြင့် ရှာဖွေခဲ့ရာ၌ မတွေ့ရှိခဲ့ကြောင်း နာဆာသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

ဂျူပီတာဂြိုဟ်သည် ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၆၃သန်းအကွာ၌ တည်ရှိသောဂြိုဟ်ဖြစ်ပြီး မျက်နှာပြင်အပူချိန် ၁၀၀၀ ဒီဂရီစင်တီဂရိတ်ခန့်အထိ ရှိကြောင်း သိရသည်။ (အင်တာနက်)

အင်တာနက်ကျန်းမာရေး

အဝလွန်ခြင်းနှင့် ခေါင်းကိုက်ဝေဒနာ ဆက်စပ်



အဝလွန်ခြင်းသည် ခေါင်းကိုက်ခြင်းနှင့် ခေါင်းတစ်ခြမ်းကိုက်သည့် (ဦးယဉ်းနာ) ဝေဒနာများကို ဖြစ်ပွားစေကြောင်း အမေရိကန်သုတေသန ပညာရှင်များကထုတ်ဖော်ပြောကြားလိုက်သည်။

လေ့လာသုတေသနပြုချက် အသစ်တစ်ရပ်အရ အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှုနှေးကွေးစေပြီး ဦးနှောက်အာရုံကြောများကို ထိခိုက်စေကြောင်း၊ ထို့အပြင် ဦးနှောက်ဆဲလ်များ ပျက်စီးမှုပိုမိုများပြားစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အခွင့်အလမ်း

အဝလွန်သူများ သို့မဟုတ် ကိုယ်အလေးချိန် သာမန်ထက်ပိုများနေသူများသည် ပုံမှန်ကိုယ်အလေးချိန်ရှိသူများထက် ခေါင်းကိုက်ခြင်း ဝေဒနာခံစားရမှု နှစ်ဆနီးပါးမျှ အခွင့်အလမ်းရှိကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အဝလွန်သူများအနေဖြင့် ကိုယ်အလေးချိန်လျှော့ချခြင်းဖြင့် ဦးခေါင်းကိုက်ခြင်းဝေဒနာ သက်သာမှုမှာ အနည်းငယ်သာ လျော့ပါးနိုင်ကြောင်း၊ အကောင်းဆုံးနည်းလမ်းမှာ အဝမလွန်အောင် ထိန်းသိမ်းရန်ဖြစ်ကြောင်း အကြံပြုထားသည်။

(အင်တာနက်)

မလေးရှားနိုင်ငံအကြောင်း စေ့ငုလိုက်ပါလျှင် . . . .

သတင်းအက်ဆေး

မလေးရှားနိုင်ငံသည် အာရှတိုက် အရှေ့တောင်စွန်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံမှာ ဆယ်စုနှစ်များစွာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံရေးတည်ငြိမ်မှုကြောင့် အရှေ့တောင်အာရှ၏ စီးပွားရေးအားမာန်အပြည့်ဝဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ ဤနိုင်ငံ၏ လူမျိုးစုံနှင့်ဘာသာစုံ လူ့အဖွဲ့အစည်းတွင် ပြည်နယ်အများအပြားမှ မွတ်စလင်လူများစုနှင့် စီးပွားရေးတောင့်တင်းသည့် တရုတ်အသိုက်အဝန်းတို့ ပါဝင်ကြသည်။

စတင်တာဝန်ယူ

ဤနိုင်ငံ၏ စည်းမျဉ်းခံဘုရင်စနစ်အရ ဘုရင့်ရာထူးကို မျိုးရိုးအရ အုပ်ချုပ်သည့် ပြည်နယ်ကိုးခုမှ ပသီဘုရင်ကိုးဦးတို့က ငါးနှစ်တစ်ကြိမ် အလှည့်ကျ တာဝန်ယူရသည်။ လက်ရှိ မလေးရှားဘုရင်မှာ စူလတန်မီဇန်ဇိုင်နယ် အာဘီဒင်ဖြစ်သည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလက ဤနိုင်ငံ၏ ၁၃ဦးမြောက်ဘုရင်အဖြစ် စတင်တာဝန်ယူသည်။ ထိုစဉ်က သူ့အသက်မှာ ၄၄နှစ်ဖြစ်သည်။ လက်ရှိ ဝန်ကြီးချုပ်မှာ အဗ္ဗဒူလာအာမက်ဘာဒါဝီ ဖြစ်သည်။

ဩဇာလွှမ်း

မလေးလူမျိုးများ အစ္စလာမ်ဘာသာသို့ ၁၄ရာစုနှစ်က စတင်ပြောင်းခဲ့ကြသည်။ ၁၈၂၆ခုနှစ်တွင် ရေလက်ကြားဒေသအခြေချ ကိုလိုနီထူထောင်ရန် ဗြိတိသျှတို့က မလက္ကာ၊ ပီနန်နှင့် စင်ကာပူဒေသတို့ကို ပေါင်းလိုက်သည်။ ထိုမှတစ်ဆင့် မလေးကျွန်းဆွယ်ရှိ ပသီဘုရင်နယ်မြေများကို အထိန်းသိမ်းခံနိုင်ငံများ ထူထောင်ကာ ဩဇာလွှမ်းလိုက်သည်။

အရေးပေါ်အခြေအနေ

၁၈၉၅ခုနှစ်တွင် မလေးပြည်နယ်စု ထူထောင်ရန် မလေးပြည်နယ်လေးခုကို ပေါင်းလိုက်သည်။ ၁၉၄၂-၄၅ခုနှစ်တွင် ဂျပန်များသိမ်းသည်။ ၁၉၄၈ခုနှစ်တွင် ဗြိတိသျှအုပ်ချုပ်သည့် မလေးယန်းနယ်မြေများကို မလေးယားဖက်ဒရေးရှင်းအောက်သို့ ပေါင်းစည်းလိုက်သည်။ ၁၉၄၈-၆၀ပြည့်နှစ်အထိ ကွန်မြူနစ်သူပုန်တို့ကို ရင်ဆိုင်ရန် အရေးပေါ်အခြေအနေ ကြေညာထားသည်။

စင်ကာပူခွဲထွက်

၁၉၅၇ခုနှစ်တွင် ဗြိတိသျှအုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရသည်။ တွန်ကူးအဗ္ဗဒူရာမန် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၆၃ခုနှစ်တွင် ဆာဘား၊ ဆာရာဝပ်နှင့် စင်ကာပူ ဗြိတိသျှကိုလိုနီများက မလေးယားဖက်ဒရေးရှင်းနှင့် ပေါင်းလိုက်ပြီး မလေးရှားဖက်ဒရေးရှင်းအဖြစ် ထူထောင်လိုက်သည်။ ၁၉၆၅ခုနှစ်တွင် မလေးရှားနိုင်ငံမှ စင်ကာပူ ခွဲထွက်ခဲ့သည်။

ထုတ်ပစ်လိုက်ရ

၁၉၇၀ပြည့်နှစ်တွင် ဝန်ကြီးချုပ် အဗ္ဗဒူရာမန်ရာထူးမှ ထွက်ပြီးနောက် တွန်အဗ္ဗဒူရာဇတ် ဝန်ကြီးချုပ်ဖြစ်လာသည်။ အမျိုးသားတပ်ဦး(ဘီအင်)ညွန့်ပေါင်းအစိုးရဖွဲ့သည်။ ၁၉၇၇ခုနှစ်တွင် ကီလန်တန်ပြည်နယ် ဝန်ကြီးချုပ်ကိုပင် မလေးရှားအစ္စလမ္မစ်ပါတီ (ပီအေအက်စ်)မှ ထုတ်လိုက်သဖြင့် ဆူပူမငြိမ်မသက်မှုများ ဖြစ်ပြီး အရေးပေါ်အခြေအနေကြေညာရသည်။ ထို့ပြင် ဘီအင်မှ ပီအေအက်စ်ကို ထုတ်ပစ်လိုက်ရသည်။

ဖွံ့ဖြိုးမှုအဆုံးသတ်

၁၉၈၁ ခုနှစ်တွင် မဟာသီမိုဟာမက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၉ ခုနှစ်တွင် အစိုးရနှင့် ကွန်မြူနစ်သူပုန်များ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးသည်။ ၁၉၉၀ပြည့်နှစ်တွင် အစိုးရနှင့် ဆာရာဝပ် ကွန်မြူနစ်သူပုန်များ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးပြန်သည်။ ၁၉၉၇ ခုနှစ်တွင် အာရှဘဏ္ဍာရေး အကျပ်အတည်းကြောင့် ဆယ်စုနှစ်ကြာ အံ့မခန်းစီးပွားရေး ဖွံ့ဖြိုးမှုအဆုံးသတ်သွားစေသည့် သဘောသက်ရောက်သည်။

၁၉၉၈ ခုနှစ်တွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဒုတိယဝန်ကြီးချုပ်နှင့် ၎င်း၏ရာထူးကို ဆက်ခံမည့်သူအဖြစ် ယူဆထားရသူ အန်ဝါအီဘရာဟင်ကို လိင်တူချင်းဆက်ဆံမှုဖြင့် ရာထူးမှဖယ်ရှားလိုက်သည်။ အီဘရာဟင် အဖမ်းခံရသည်။ ထောင်ဒဏ်ချခံရသည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် အဆိုပါ လိင်တူချင်း ဆက်ဆံမှုကို တရားရုံးက ပယ်ဖျက်လိုက်သောအခါ အီဘရာဟင် ထောင်မှလွတ်လာခဲ့သည်။

ဥပဒေသစ်များပြဋ္ဌာန်း

၂၀၀၂ ခုနှစ် ဩဂုတ်လတွင် တရားမဝင် လာရောက်နေထိုင်သူများအပေါ် တင်းကျပ်သည့် ဥပဒေသစ်များပြဋ္ဌာန်းသဖြင့် နိုင်ငံခြားသား အလုပ်သမားများ အစုအပြုံလိုက် ပြန်ကုန်ကြသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာတွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က အဗ္ဗဒူလာအာမက်ဘာဒါဝီအား ဝန်ကြီးချုပ် အထူးလွှဲပေးလိုက်ခြင်းဖြင့် မဟာသီမိုဟာမက်၏ ၂၂ နှစ်ကြာ အုပ်ချုပ်မှု အဆုံးသတ်သွားသည်။ ၂၀၀၄ ခုနှစ် မတ်လ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီ မဲအပြတ်အသတ် အနိုင်ရသည်။ ထိုနှစ် ဒီဇင်ဘာလ ဆူနာမီ ဒီလှိုင်းရိုက်ခတ်မှုကြောင့် လူအများအပြား သေဆုံးရသည်။ ၂၀၀၆ ခုနှစ် ဧပြီနှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတို့တွင် ရေလွှမ်းမိုးမှုကြောင့် ပြည်သူအများအပြားတို့ အိုးအိမ်စွန့်ခွာကြရသည်။

ဘော်နီယိုကျွန်းပေါ်ရှိ သစ်တော စတုရန်းကီလိုမီတာ ၂၀၀၀၀၀ ကို ကာကွယ်ထိန်းသိမ်းရန် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဤနိုင်ငံမှာ ဆယ်စုနှစ်များစွာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံရေးတည်ငြိမ်မှုကြောင့် အရှေ့တောင်အာရှ၏ စီးပွားရေးအားမာန် အပြည့်ဝဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာ၊ ဤနိုင်ငံ၏ လူမျိုးစုံနှင့် ဘာသာစုံ လူ့အဖွဲ့အစည်းတွင် ပြည်နယ်အများအပြားမှ မွတ်စလင် လူများစုနှင့် စီးပွားရေး တောင့်တင်းသည့် တရုတ်အသိုက်အဝန်းတို့ ပါဝင်ကြ။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး အာလူး

လက်ဘနွန်နိုင်ငံတောင်ပိုင်း ဘေရွတ်မြို့မှ မိုင် ၅၀ခန့်အကွာ ယာခင်းတစ်ခု၌ တောင်သူတစ်ဦး စိုက်ပျိုးထားသော အာလူးခင်းတွင် အာလူးတစ်လုံးမှာ အလေးချိန် ၂၄ ဒသမ ၉ပေါင်ရှိရာ ကမ္ဘာ့အကြီးဆုံး အာလူးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယခင်က ကမ္ဘာ့အကြီးဆုံး အာလူးအဖြစ် ဂင်းနက်စ် မှတ်တမ်းတင် ဖော်ပြထားသော အာလူး၏ အလေးချိန်မှာ ၇ပေါင် ၁၃အောင်စ ရှိကြောင်း သိရသည်။ **(ယာပုံ)** **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာ့အရေအတွက် အများဆုံး ရုပ်ရှင်ကင်မရာ စုဆောင်းသူ

ဂရိနိုင်ငံ အေသင်မြို့သား အသက်၇၈နှစ်အရွယ်ရှိ ဒိုင်မစ်ထရစ်အမည်ရှိ အမျိုးသားကြီးတစ်ဦးက သူ၏နေအိမ်တွင် နိုင်ငံတကာမှရုပ်ရှင်ရိုက်ကူးသည့် ကင်မရာပေါင်း ၉၃၇လုံးရှိရာ ကမ္ဘာပေါ်၌ ရုပ်ရှင်ကင်မရာအများဆုံး စုဆောင်းသူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခဲ့ရသည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ဘဝဒဿန

* *A hero is born among a hundred, a wise man is found among a thousand, but an accomplished one might not be found even among a hundred thousand men.*

* *လူတစ်ရာတွင် သူရဲကောင်းတစ်ယောက် မွေးဖွားလာနိုင်သည်။ လူတစ်ထောင်တွင် ပညာရှိတစ်ဦးအား တွေ့ရှိရနိုင်သည်။ သို့သော်လည်း ထူးချွန်ပြောင်မြောက်သော လူတစ်ဦးကိုမူ ထောင်သောင်းချီသောလူများထဲတွင်ပင် တွေ့ရခဲလှသည်။*

ပလေတို(ဂရိလူမျိုး စာရေးဆရာနှင့်အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

ဖြေလိုက်ပုံက . . .

အတွေ့အကြုံရင့်ကျက်သော လူပျိုကြီးတစ်ဦးက ရည်စားစကား လိုက်ပြောပြီး အဆင်မပြေဖြစ်ကာ မှိုင်တွေနေသော လူငယ်တစ်ဦးကို အားပေးလျက်ရှိသည်။

လူပျိုကြီး ။ ။ လောကမှာ မိန်းမတွေဟာ အသိရခက်တယ်… ကိုယ်ထင်သလို ဟုတ်ချင်မှ ဟုတ်မယ်။

လူငယ် ။ ။ ကျွန်တော်သူ့ကို တကယ်ချစ်တာပါ…

လူပျိုကြီး ။ ။ အေးပါ…နောက်တစ်ခါထပ်ကြိုးစားပေါ့။

လူငယ် ။ ။ သူက ကျွန်တော့ကို စိမ်းစိမ်းကားကား ငြင်းလိုက်တယ်… ကျွန်တော့်ဘဝ အဓိပ္ပာယ်မဲ့သွားပါပြီ…

လူပျိုကြီး ။ ။ မိန်းမတွေရဲ့ ပါးစပ်က ချစ်တယ်လို့ ပြောပေမယ့် မုန်းတယ်ဆိုတာလည်း ဖြစ်သွားနိုင်သလို မုန်းတယ်လို့ ပြောနေပေမယ့် ချစ်တယ်လို့လည်း ဖြစ်သွားနိုင်ပါတယ်။

လူငယ် ။ ။ အခုဟာက ကျွန်တော့်ကို ချစ်တယ်၊ မုန်းတယ်လို့ ပြောတာ မဟုတ်ဘူး ''ထွီ''တဲ့…

လူပျိုကြီး ။ ။ 'ဟေ'

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ပဲခူးမြို့ ပန်းခြံကုန်းလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ပဲခူးတိုင်း ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်းနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးသည် ခန်းမအတွင်း ခင်းကျင်း ပြသထားသော လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ ဆုရ စာစီစာကုံးနှင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ များကို ကြည့်ရှုအားပေးသည်။

ပဲခူးပန်းခြံကုန်းလမ်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်းသည် ပဲခူးမြို့ ပန်းခြံကုန်းလမ်းကို ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆံတော်တွင်း လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းပခုံး ဂဝံကပ်ခြင်း လုပ်ငန်းများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ပဲခူးမြစ်ကူးတံတား

ထို့နောက် တိုင်းမှူးသည် ပဲခူးမြစ်ကူး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ခွင်အတွင်း ချဉ်းကပ်လမ်းဖောက်လုပ်နေမှု များ၊ တံတားတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ ပဲခူးမြို့ ကံထူးရိပ်သာ လမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တက်ရောက်အားပေး

ယင်းနောက် တိုင်းမှူးသည် ပဲခူးမြို့ မြန်စတား အထည်ချုပ်စက်ရုံ၌ အထည်ချုပ် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၈ခုနှစ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား လေးခရိုင်အလွတ်တန်း အမျိုး သားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက် အားပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်များခိုင်မာရေး အင်းစိန်၌ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဦးမြင့်သည် ဒီဇင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက အင်းစိန်မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ခရိုင်ရုံး)အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီး အရာရှိ ဒေါ်ဖြူဖြူ၊ မြို့နယ်ဦးစီးမှူးများ နှင့် တွေ့ဆုံပြီး ခိုင်မာပြီး စာကြည့်တိုက် များ ရေရှည်တည်တံ့ရေး၊ ၂၀၀၈-၂၀၀၉ သတ်မှတ်ကာလအတွင်း လျာထားချက် နှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စနစ်ကျ သော စီမံချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ မြေ၊ အဆောက်အအုံ၊ ပရိဘောဂရရှိအောင် စည်းရုံးဆောင်ရွက် ရေး ဆွေးနွေးပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်ဖြူ ဖြူက ခရိုင်အတွင်း ကျေးရွာစာကြည့် တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း ကောင်း၊ မြို့နယ်ဦးစီးမှူးများက မိမိမြို့နယ် အတွင်း စာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ထားမှု အခြေအနေကိုလည်းကောင်း၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းလက် ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ် ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရပ်စောက်မြို့ စံပယ်လမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင် ဝမ်းမောင်တို့ ကြီးကြပ် ဆောင်ရွက် ပေးစဉ်။

(မြို့နယ်စည်ပင်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ဒီဇင်ဘာ ၁၁ရက်က ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တပ်မတော်(လေ)အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းနှင့် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစား သွားကြသည်။

ဆက်လက်ကျင်းပမည်

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ရက်မှ ၂၄ရက်အထိ လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

A Open အမှတ်တံဆိပ် ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ စတင်ရောင်းချ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နည်းပညာခေတ်ကြီးတွင် ရုံးခန်းငယ်များ၊ လုပ်ငန်းငယ်များနှင့် ကျောင်းသားလူငယ်များအတွက် လက်တွေ့အသုံးချနိုင်မည့် A Open အမှတ်တံဆိပ် ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ မြန်မာနိုင်ငံ ဈေးကွက်အတွင်း စတင်ရောင်းချခြင်းနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်သစ် မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို ဒီဇင်ဘာ ၆ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် Royal Ayeyarwaddy Co., Ltd. မှ Managing Director ဦးမျိုးမြင့်ထွန်းက မိတ်ဆက် အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** A Open Technology Asia Pacific Co., Ltd. မှ Ms Gloria Tsan က A Open Product များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ပါဝင်

ယနေ့ မိတ်ဆက်တင်ပြသော ထုတ်ကုန်သစ်များတွင် ကွန်ပျူတာဆက်စပ် ပစ္စည်းများဖြစ်သော အင်တာနက်သုံး ဝက်ဘ်ကင်မရာနှင့်နားကြပ်များ၊ ကွန်ပျူတာကီးဘုတ်များ၊ မောက်စ်နှင့်စပီကာများ၊ ကူးယူဖတ်ရှုနိုင်နှုန်း အသီးသီးရှိသော DVD Writer မိုဒယ်အသစ်များ ပါဝင်သည်။

ထို့ပြင် ရုံးခန်းတွင် နေရာလွတ် အနည်းငယ်ရှိရုံမျှဖြင့် အသုံးပြုနိုင်မည့် Small Form Factor Computer Mini PC နှင့် Cube -Micro Atx Computer ခေါ် အမြင့်နှစ်လက်မ၊အလျားအနံ ခြောက်လက်မ ပတ်လည်သာရှိသည့် ကွန်ပျူတာများကို မိတ်ဆက်တင်ပြထားသည်။ အဆိုပါ ကွန်ပျူတာများနှင့် တွဲဖက်၍ အသုံးပြုနိုင်မည့် Digital signage နည်းပညာသုံး Display board များကိုလည်း လက်တွေ့မိတ်ဆက် တင်ပြထားသည်။

Digital signage နည်းပညာသည် နိုင်ငံတကာလေဆိပ်များ၊ စားသောက်ဆိုင်များ၊ စင်မြင့်ဖျော်ဖြေပွဲများတွင် အသုံးပြုသည့် LCD display နည်းပညာဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး တင်သွင်းရောင်းချမည့် နည်းပညာသစ်ဖြစ်သည်။ အရွယ်အစားအားဖြင့် ၄၂လက်မရှိပြီး တစ်လုံးချင်းဖြစ်စေ၊ လိုချင်သည့် အရွယ်အစားအလိုက်ဖြစ်စေ ဆက်စပ်၍ အသုံးပြုနိုင်သည်ဟု သိရသည်။

ထုတ်လုပ်ဖြန့်ချိ

A Open Technology Asia Pacific Co., Ltd. သည် ၁၉၉၆ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၁နိုင်ငံကျော်တွင် A Open Alliance Channel Partner ရုံးခွဲများဖွင့်လှစ်ကာ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိသည်။

ဆက်သွယ်ဝယ်ယူနိုင်

A Open အမှတ်တံဆိပ် ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ယခင်ကတည်းက ဝယ်ယူအသုံးပြုနိုင်ခဲ့သော်လည်း ယခုမှသာ Royal Ayeyarwaddy Co., Ltd. က မြန်မာနိုင်ငံ ကွန်ပျူတာဈေးကွက်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး စတင်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။ A Open အမှတ်တံဆိပ် ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို Royal Ayeyarwaddy Co., Ltd. အမှတ် ၇ မြေညီထပ် ၈၇လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့ ဖုန်း -၉၅၁-၃၈၄၈၅၀၊ ၃၈၉၃၆၆၊ ၇၀၉၆၀၁တို့သို့ ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထပ်ပိုးလွှာခင်း

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရုံးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့က လမ်းအရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၄၄/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအတွက် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်နေသကဲ့သို့

အသိပညာပေး ပြပွဲပြိုင်ပွဲများ ကျင်းပရေး ကော်မတီ၊ ဆပ်ကော်မတီအလိုက် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၄၄/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၂ရက် ညနေ ၃နာရီ ၄၅မိနစ်က နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး မင်းဇော်၊ နေပြည်တော်ပျဉ်းမနား ခရိုင်နှင့် မြို့နယ်အသီးသီးတို့မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းကြိုးစား

အစည်းအဝေး၌ တိုင်းမှူးကအမှာစကား ပြောကြားရာတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ၂၀၀၆ခုနှစ် ဇွန်လမှ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၈ခုနှစ် အထိ နှစ်အလိုက် ဖြစ်ပွားခဲ့သော ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု၊ ဒဏ်ရာရ၊ သေဆုံးအရေအတွက်များကို ပြန်လည်စိစစ်သုံးသပ်၍ ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ဆောင်ချက်များ အောင်မြင်မှုရှိစေရေး ဝိုင်းဝန်းသုံးသပ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအတွက် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်နေသကဲ့သို့ ပညာပေးလုပ်ငန်းအနေဖြင့် ဒုတိယအကြိမ်နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြု အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ရက်မှ ၃၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကျင်းပရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်သည်နှင့်အညီ အဆိုပါပြပွဲ၊ ပြိုင်ပွဲကြီးမှ ပြည်သူလူထုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ရေးနှင့် ရည်မှန်းချက်အောင်မြင်ပြီးမြောက်ရေးတို့ကို ကော်မတီ၊ ဆပ်ကော်မတီအလိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

အကောင်အထည်ဖော်

ယင်းနောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အပတ်စဉ်ယခင်၊ ယခု ယာဉ်တိုက်မှု နှိုင်းယှဉ်ချက်များ၊ စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်ရန်အချက်များ၊ ဒုတိယအကြိမ် အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်

ရန်ကုန် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့၏ ၂၀၀၉-၂၀၁၀ပြည့်နှစ် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ဒီဇင်ဘာ၆ရက်တွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ ရေးဦးစွာ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်း**(ယာပုံ)** နှင့်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးအောင်စိုးမင်းတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ငွေးနှင့်တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းတို့က ဗီဒီယိုအခြေခံအဖွဲ့၏ အမှုဆောင်သစ် ရွေးချယ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်သစ်ကိုးဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။

အဆိုပါအဖွဲ့သည် ပြည်နယ်နှင့်တိုင်း ၁၇ခုတို့တွင် ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်သစ်များအား ရွေးချယ်တင်မြှောက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အေးသာယာကျေးရွာအုပ်စုအတွင်းရှိ လေဘေးသင့်ဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၉ရက်က ကျေးရွာအရောက် ခရိုင်ဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူးတို့ ကွင်းဆင်းဆောင်ရွက်ပေးအပ်စဉ်။ (၁၅၅)

မူလတန်းကျောင်းအဖြစ်အသုံးပြုမည့် Cyclone Shelter တည်ဆောက်ရန် အဆိုပြုလွှာများ ဖိတ်ခေါ်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ အလှူရှင်များ ထည့်ဝင်ငွေများဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်း မူလတန်းကျောင်းအဖြစ် အသုံးပြုမည့် Cyclone Shelter တစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းကို စိတ်ပါဝင်စားလုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာ ရယူဖြည့်စွက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ဒီဇင်ဘာ ၂၂ရက် (တနင်္လာနေ့) နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဖုန်း-၀၁-၅၁၉၆၇၃၊ ၅၇၉၀၃၈၊ ဦးကိုကြီး ဖုန်း-၀၉-၅၀-၁၀၃၈၆၊ ဖက်(စ်)နံပါတ်-၀၁-၅၁၉၆၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

တောင်ငူပညာရေးကောလိပ် အာစရိယပူဇော်မည်

တောင်ငူပညာရေးကောလိပ်(တောင်ငူ ဆရာအတတ်သင်ကျောင်း/သိပ္ပံ) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီတွင် တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက တောင်ငူပညာရေးကောလိပ် ဖုန်း-၀၅၄-၂၃၁၂၅၊ ဆရာမ ဒေါ်စန်းမြင့်ကြည် ဖုန်း-၀၅၄-၂၅၅၄၁နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီ ဖုန်း-၀၂-၆၅၃၀၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၄၈)

စာကြည့်တိုက်များ ခိုင်မာရေး စစ်တွေ၌ဆွေးနွေး

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေသည် ပြည်နယ်ရုံးမှဝန်ထမ်းများ၊ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဝန်ထမ်းများအား ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီက စစ်တွေခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး စာကြည့်တိုက်များအား သတ်မှတ်စံ(၅)ချက်နှင့်အညီ ခိုင်မာရေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဟိုပင်အထက မြတ်ဆရာပူဇော်မည်

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ၂၈ရက်တွင် တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက ပူဇော်ပွဲကျင်းပရေးကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ *(မြို့နယ် ပြန်/ဆက်)*

ဒီဇင်ဘာအားကစားလ ရေဦး၌ စုပေါင်းလမ်းလျှောက်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက်(စနေနေ့)နံနက် ၄နာရီက စုရပ်ဖြစ်သော မြို့တော်မြသီတာခန်းမရှေ့မှ စတင်၍ ရေဦးမြို့ပတ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နံ့ရုံကပ်စာစောင်နှင့်ဟောပြောပွဲ မြို့လှမြို့၌ ကျင်းပ

ကချင်ပြည်နယ် မြို့လှမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နံ့ရုံကပ်စာစောင်နှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၁၁နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ *(မြို့နယ် ပြန်/ဆက်)*

ကျိုင်းတုံမြို့တွင် မဂ္ဂဇင်းများ လှူဒါန်း

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့သည် နိုဝင်ဘာ ၁၈ရက်က အမှတ်(၅) နောင်ဖာရပ်ကွက်အတွင်း နယ်လှည့်စာကြည့်တိုက်သို့ အမျိုးသမီးရေးရာ မဂ္ဂဇင်း၊ မေမြန်မာဂျာနယ်နှင့် အခြားစာပေများကို ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှဝေနှင့်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ ဒေသခံတိုင်းရင်းသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပေါင်မြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းသည် နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီက တာဝန်ရှိသူများနှင့်အတူ ပေါင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ *(၁၇၆)*

ချောင်းဦး၌ ချုံနွယ်များစုပေါင်းရှင်းလင်း

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက်က မြို့တွင်း ဗိုလ်ချုပ်လမ်းဘေးဝဲယာ ချုံနွယ်များ၊ ပေါင်းမြက်များ စုပေါင်းရှင်းလင်းရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဒုတိယဦးစီးမှူး(အခွန်)တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေတောင်၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်ရွှေတောင်မြို့နယ် ရွှေဟင်္သာအုပ်စု ညောင်ကုန်းကျေးရွာ ပညာပဒေသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃ရက် မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် အုပ်စုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ် တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မင်းတပ်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့တွင် ဒီဇင်ဘာ ၆ရက် နံနက် ၆နာရီက ကျင်းပရာ မြို့မဘောလုံးကွင်းစုရပ်မှ မင်းတပ်-မတူပီလမ်းမကြီးတစ်လျှောက် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမျိုးသားကန်တော်ကြီး ဥယျာဉ် တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသည့် ရောင်စုံဖူးပွင့်ဝေဆာနေသော ပန်းခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသော အဆင့်မြင့်သစ်ခွဥယျာဉ်ရှိ သစ်ခွပန်းတစ်မျိုးကို လှပစွာတွေ့ရစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

မိုင်တိုင်အမှတ် (၂၇/၀)အနီးရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်နယ်မြေသို့ ရောက်ရှိပြီး ရှေးဦးစွာ ကိုယ်ပိုင်အိမ်ရာစီမံကိန်း မြေနေရာနှင့် အိုင်တီအလုပ်ရုံများ တည်ဆောက်မည့်မြေနေရာများ အကွက်ချ ဖော်ထုတ်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေပြီဖြစ်သော Incubation Center အဆောက်အအုံများ အခြေအနေနှင့် စီမံကိန်းနယ်မြေကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး Incubation Center အမှတ်(၇)သို့ ဝင်ရောက်၍ ပုဂ္ဂလိက ကုမ္ပဏီပြခန်းနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ E-Telegram ပြခန်းများကို ဝင်ရောက်လေ့လာရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရတနာပုံတယ်လီပို့

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် စီမံကိန်း၏ အဓိကအဆောက်အအုံဖြစ်သော ရတနာပုံတယ်လီပို့သို့ ရောက်ရှိကြရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ရတနာပုံမြို့သစ်တည်ဆောက်ရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အိုင်တီပညာရှင်များ၊ ရတနာပုံ အိုင်တီမြို့၌ ရင်းနှီးမြှုပ်နှံလုပ်ငန်း ဆောင်ရွက်ကြမည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရတနာပုံတယ်လီပို့ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ရတနာပုံမြို့သစ် စီမံကိန်းမြေဧရိယာ ဧက ၁၀၀၀၀၏ မြေအမျိုးအစား ပါဝင်ဖွဲ့စည်းထားမှု၊ မြေသိမ်းဆည်းပြီးစီးမှု၊ စက်ရုံများနှင့်ရုံးအဆောက်အအုံများ တည်ဆောက်လျက်ရှိသည့် ဧရိယာနှင့် ကိုယ်ပိုင်အိမ်ရာစီမံကိန်း မြေဧရိယာ အခြေအနေ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း Incubation Center အမှတ်(၇)ရှိ ပုဂ္ဂလိက ကုမ္ပဏီပြခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ E-Telegram ပြခန်းတစ်ခုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းတင်ပြရာ၌ ရတနာပုံမြို့သစ်စီမံကိန်းတွင် ပထမအဆင့်နှင့် ဒုတိယအဆင့် နှစ်ဆင့်ခွဲခြား၍ တည်ဆောက်ရာ၌ ပထမအဆင့် စီမံကိန်းဧရိယာမှာ ဧက ၂၂၀၀ရှိပါကြောင်း၊ ယင်းဧရိယာ၌ ယခုအခါ Teleport အဆောက်အအုံနှင့် Incubation Center အဆောက်အအုံခုနစ်လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၁၃ခုက ရင်းနှီးမြှုပ်နှံ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားပြီးဖြစ်ရာ စက်ရုံပုံစံနှင့် ထုတ်လုပ်မည့် စက်ပစ္စည်းအမျိုးအစား၊ လူ့အရင်းအမြစ် စုဆောင်းလေ့ကျင့်ပျိုးထောင်မည့် အစီအစဉ်တို့ကို ကုမ္ပဏီအလိုက် တင်ပြအဆိုပြုထားပါကြောင်း၊ တင်ပြပြီး မြို့ကွက်ဖော်ထုတ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်မှု၊ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အား ရရှိဖြန့်ဖြူးမှု၊ အိုင်တီ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေမည့် ခေတ်မီမြို့ ဖြစ်ပေါ်လာရန် ကြိုးပမ်းစီစဉ်နေမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အိမ်ရာမြေကွက်

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ပထမအဆင့်အဖြစ် ရတနာပုံမြို့သစ် မြောက်ပိုင်း၌ ကိုယ်ပိုင်အိမ်ရာစီမံကိန်းကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြေကွက်ဝယ်ယူ၍ ကိုယ်ပိုင်အိမ်ရာ ဆောက်လုပ်နေထိုင်မည့် သူများအတွက် လိုက်နာရမည့် စည်းကမ်းများကိုလည်း သတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ပထမအဆင့်၌ အိမ်ရာမြေကွက်ပေါင်း ၁၉၄ ကွက်ကို ဖော်ထုတ်လျက်ရှိပါကြောင်းဖြင့် ကိုယ်ပိုင်အိမ်ရာစီမံကိန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းတို့က အိုင်တီလုပ်ငန်းများနှင့် ဆက်စပ်ညှိနှိုင်းလုပ်ကိုင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က အိုင်တီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

၂၀၀၈ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ် ပွဲတော်တွင် ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံးပစ္စည်းများ၊ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရတနာပုံမြို့သစ်၌ လက်ရှိ ရင်းနှီးလုပ်ကိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများ၏ အိုင်တီလုပ်ငန်းစက်ရုံ၊ အလုပ်ရုံများ အမြန်ပေါ်ထွက်လာအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ နောင်၌ လာရောက်ရင်းနှီးလုပ်ကိုင်မည့် လုပ်ငန်းရှင်များအတွက်လည်း မြေနေရာသတ်မှတ်ထားရှိရေး၊ အိုင်တီစီးပွားရေးလုပ်ငန်းများနှင့်အတူ ကိုယ်ပိုင်လူနေအိမ်များ စနစ်တကျ အမြန်ပေါ်ထွက်လာရေးတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပုံစံကားချပ်များကို လည်းကောင်း၊ သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံးပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ရှင်းလင်းပြသကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသည့် ပြည်တွင်း ပြည်ပ ပန်းမျိုးများဖြင့် ရောင်စုံဖူးပွင့် ဝေဆာနေသည့် ပန်းခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေး အားပေးကြရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လိုက်လံရှင်းလင်းပြသသည်။ ပန်းပွဲတော်ကို ပူးပေါင်းပါဝင်ကျင်းပသော မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းမှ တာဝန်ရှိသူများကလည်း ပန်းပွဲတော်၌ မိမိတို့ ခင်းကျင်းပြသထားသော ပန်းခင်းအလိုက် ပါဝင်ပြသထားမှုများကို အသီးသီး ရှင်းလင်းပြသကြသည်။

မြိုင်မြိုင်ဆိုင်ဆိုင်

တတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ဧရိယာ ဧက လေးဧကအထိ တိုးချဲ့၍ ပြည်တွင်းပန်းမျိုးပေါင်း ၁၆မျိုး၊ ပြည်ပ ပန်းမျိုးပေါင်း ၇၀ကျော်ဖြင့် ပန်းပွင့်အရေအတွက် ခုနစ်သန်းကျော်ကို မြိုင်မြိုင်ဆိုင်ဆိုင် လှပစွာ ခင်းကျင်း ပြသထားသည်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

ဥတု ရာသီ တောကို မှီ၏

ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ရွှေဝတ်ရည်သိမ်တော်ကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်တောင်ပိုင်း ခရိုင် ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသည့် ရွှေဝတ်ရည်သိမ်တော်ကြီးဖွင့်ပွဲ မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ ရွှေဝတ်ရည်သိမ်တော်ကြီး ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်လှူဒါန်း

ထို့နောက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တာဝန်ရှိ သူများနှင့် အလှူရှင်ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသီင်္ဂီ ဒေါက်တာဒေါ်ရီရီနွယ်နှင့် သား မောင်ကျော်မျိုးမြင့်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

သန်လျင်၊ ကျောက်တန်းနှင့် သုံးခွမြို့နယ်များရှိ ရေထိန်းတံခါးများနှင့် နွေစပါးစပေါင်းစိုက်ပျိုးမှုများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝကျေးရွာအနီး ခရမ်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် ခရမ်းရေထိန်းတံခါး၏ ကြံ့ခိုင်မှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။

သီးထပ်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သန်လျင်မြို့နယ် ဘယက် ကျေးရွာ၌ ကျင်းပသော စက်သုံးဆီချွေတာသည့် ရေရရှိရေး နည်းလမ်းများ သရုပ်ပြပွဲနှင့် နွေစပါးစိုက်ပျိုးပွဲသို့ သွားရောက်၍ ခြေနင်းရေတင်စက်နမူနာ များပြသထားမှု၊ ခြေနင်းရေတင်စက်ဖြင့် မြစ်ရေကို လယ်ကွက်များအတွင်းသို့ ရေတင်နေမှုနှင့် တောင်သူဦးနေစိုး၏ ကွင်းအမှတ် ဖ၈၂၌ ရတနာအောင်စပါး မျိုးဖြင့် နွေစပါးသီးထပ်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူဆောင်ရွက် လျက်ရှိသည့် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက် လုပ်ခြင်း (၁၀မိုင်၂ဖာလုံ)၏ ဘယက်ကျေးရွာအနီးရှိ ဒဂုံတံတား ချဉ်းကပ်လမ်း အပိုင်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တန်းမြို့နယ် ကဒပ္ပန ကျေးရွာအနီး ကဒပ္ပနချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကဒပ္ပနရေထိန်းတံခါးမှာ သံကူကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ် ပြီး ရေဆင်းဧရိယာ ၅၄ဒသမ၆စတုရန်းမိုင်၊ ရေထုတ်မြောင်းမကြီး ပေ၁၀၀၀၊ ရေခေါ်မြောင်းမကြီး ပေ၂၀၀၀ ရှည်လျားကာ အလျား၁၆ပေ၊ အနံ၆ပေ အရွယ် အစားရှိ ရေတံခါး၂၇ပေါက်ပါဝင်သည်။ ရေထိန်းတံခါးပြီးစီးပါက စိုက်ပျိုးမြေ ဧက ၁၅၀၀၀ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

တကောရေထိန်းတံခါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုံးခွမြို့နယ် တကော ကျေးရွာအနီး တကောချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက် ထားသည့် တကောရေထိန်းတံခါးသို့ သွားရောက်ပြီး ရေထိန်းတံခါးကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပန်းပြကွက်များအဖြစ် မြန်မာပြည်မြေပုံနှင့် ပန်းခုံ၊ ခြသေ့်နှစ်ကောင်၊ ပန်းတောင်ကုန်းများ၊ နန်းမြင့်မျှော်စင်၊ မှိုတောင်ကုန်း၊ လေယာဉ်၊ သင်္ဘော၊ စနိုးပန်းစသည့် ပြကွက် ၁၅ကွက် ပြသထားသည်။

ပန်းပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ ပန်းမန်မျိုးစုံကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကြည့်ရှုလေ့လာနိုင်ရန်၊ မြန်မာ့ဂုဏ်ဆောင် ပန်းပွဲတော်ဖြစ်လာအောင် နှစ်စဉ်ကျင်းပ ပေးခြင်းဖြင့် ပြည်တွင်းပြည်ပ ဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်ရန်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့် မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ဖွံ့ဖြိုးသာယာလှပမှု များနှင့် ပြည်သူအများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနေမှုများကို လှည့်လည် ကြည့်ရှုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့် သစ်ခွဥယျာဉ် ကို ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

အဆင့်မြင့် သစ်ခွဥယျာဉ်ကို အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း တည်ထောင်ထားပြီး ပြည်နယ်၊ တိုင်းများမှ ပြည်တွင်းသစ်ခွမျိုးစေ့ ၃၀၀ကျော် ခန့်နှင့် ပြည်ပစပ်မျိုးသစ်ခွများကို အောင်မြင်စွာ စိုက်ပျိုးပြသထားသည်။ ရေရှည်တွင် ပြည်တွင်းပြည်ပ သစ်ခွများကို စုဆောင်းမျိုးပွားနိုင်ရန်နှင့် မြန်မာ မျိုးရင်းသစ်ခွများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သစ်ခွဥယျာဉ်ကို တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တက္ကသိုလ် ၁၉၈၀ ပြည့်နှစ် B.A(Law), LL.B ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်း များ၏ တတိယအကြိမ် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေ နေ့)တွင် ရန်ကုန်မြို့ ကရဝိက် ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဥပဒေ ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက် တက်ရောက် ကြရန်နှင့် နယ်မှ တက်ရောက်သူများ အတွက် တည်းခိုရေးနှင့် အခမ်းအနား သို့ ကြိုပို့ရေးကိုပါ စီစဉ်ထားကြောင်း နှင့် အလှူငွေများကို ကျင်းပရေး ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီ ဖုန်း-၂၉၃၀၅၁၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင်သန်း ဖုန်း- ၀၉-၂၀-၀၁၇၆၃၊ အတွင်းရေးမှူး ဦးသိန်းထွန်း ဖုန်း-၀၉-၈၀-၂၃၇၇၈၊ တွဲဖက်အတွင်းရေးမှူး ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ကော်မတီဝင်များဖြစ် ကြသော ဦးတင်မောင်ဆွေ ဖုန်း-၀၉- ၅၀-၀၉၁၆၇၊ ဒေါ်မြင့်မြင့်အေး (မြင်းခြံ) ဖုန်း-၀၉-၅၁-၅၂၇၂၇၊ ဒေါ်သန်းသန်းစိန် ဖုန်း-၀၉-၅၀- ၉၂၂၃၃၊ ဒေါ်သန်းသန်းကြူ ဖုန်း- ၀၉-၅၁-၀၅၁၈၆ နှင့် ဦးအောင် မြင့်(ရေး) ဖုန်း-၀၉-၅၁-၄၂၂၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

သစ်ခွမျိုးစုံ

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့် သစ်ခွဥယျာဉ်တွင် ပြည်တွင်းပြည်ပ သစ်ခွမျိုးစုံကို တွေ့ရစဉ်။

(သတင်းစဉ်)

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ် ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေး

စစ်တွေ ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်အတွင်းရှိ ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ရက် နံနက်၁၀နာရီက ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်ကျော်ဦးက ခိုင်မာစာကြည့်တိုက်များ ဆောင်ရွက်နိုင်မှုကို တင်ပြသည်။

ဆက်လက်၍ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊မြောက်ဦး၊ ကျောက်တော်၊မြေပုံ၊ရသေ့တောင်၊ ပလက်ဝမြို့တို့မှ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား သတ်မှတ်စံ (၅)ရပ်နှင့်အညီ ခိုင်မာရေးဆောင်ရွက်ရာတွင် နည်းလမ်းမျိုးစုံရှာ၍ လျာထားချက်ပြည့်မီအောင် ထိထိရောက်ရောက်ဆောင်ရွက်ရန်၊ စာငှားစနစ်နှင့်ရန်ပုံငွေရရှိရေးကို ဆောင်ရွက်ရန်နှင့် အပတ်စဉ်ကွင်းဆင်း၍ ဟောပြောပွဲများ၊ စာဖတ်ဝိုင်းများ ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးသည်။ (ပြည်နယ် ပြန်/ဆက်)

အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ ကျင်းပရေးညှိနှိုင်း
တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ယင်းနောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေအောင်က မွန်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ကျင်းပရေး လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ်ကျန်းမာရေးမှူးများက မိမိတို့မြို့နယ်အလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တိုက်ကျွေးသွားမည်

မွန်ပြည်နယ်အတွင်းရှိ အသက်ငါးနှစ်အောက်ကလေးများအား ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ သတ်မှတ်ရက်၊ သတ်မှတ်နေရာများ၌ ပိုလီယိုရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂၄)ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၁၄

နတ်တော်လ ခေရုသီအခါသမယ၏ သဇင်ပန်းရနံ့များနှင့်အတူ ကျေးလက်ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂၄)**(ယာပုံ)**အား ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဈေးကျနေသည့် ရေနံနှင့် အောင်ပွဲခံမည့် နွေစပါး၊ ဥယျာဉ်မှူးများအတွက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ သီးနှံအရည်အသွေးမြင့်ရန် ရိတ်သိမ်းဆွတ်ခူးချိန်မှန်ဖို့လို၊ မြေညံ့များတွင် ဆီထွက်သီးနှံ ဆူးပန်းစိုက်ပျိုးပါ၊ နေကြာစိုက်ပါ တို့ကျေးရွာ၊ တစ်နှစ်သုံးသီးစားဖြင့် စီးပွားဖြစ်နေသော လယ်သမားများစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အညာနွား၊ ဆိတ်ကို မွေးမြူခြင်းဖြင့် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိနိုင်မည်၊ ပုရိသချင်းကိုယ်ချင်းမစာ၍ မဟုတ်ပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ လူ့အရိုး ကလိုင်ခေါက်နေတာ ရောဂါပါ၊ ဝမ်းချုပ်ခြင်း၊ မီးခိုး မီးငွေ့ ဓာတ်ငွေ့နှင့်ကျန်းမာရေးအန္တရာယ်၊ ကလေးငယ်များအတွက် ပျားရည်အသုံးဝင်ပုံ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ချဉ်မြစ်ပင်သရဲဝတ္ထုတိုနှင့် မြန်မာတို့၏သမိုင်းအစဉ်အလာကို ယဉ်ကျေးမှုအမွေအနှစ်များက ပြသလျက်ရှိ၊ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်၊ ဖြစ်ခဲ့တာကိုဖြစ်အောင်လုပ်ပါ၊ စည်းလုံးညီညွတ်ခြင်း မရှိခြင်းရဲ့ ဓားစာခံ အီရတ်နိုင်ငံ၊ အနောက်ဂန့်ဂေါက ရိုးရာအိုး လုပ်ငန်း၊ ကျေးလက်ကဗျာ ဆိုလိုရင်းမမှားယွင်းစေချင် စသည့်ဆောင်းပါးများအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတင်းစဉ်)

ကျောက်မဲခရိုင် မိုးလုံလေလုံအားကစားရုံဖွင့်
တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် စက်ခလုတ်နှိပ်ဖွင့်လှစ်

ကျောက်မဲ ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးလုံလေလုံအားကစားရုံ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၇ရက်က ကျောက်မဲမြို့ ပင်လုံလမ်းရှိ အဆိုပါ အားကစားရုံသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အားကစားရုံသစ်ကြီးကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဦးမောင်မောင်အောင်နှင့် KT ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးကျော်သက်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်ပြီး အားကစားရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

အမှာစကားပြောကြား

အခမ်းအနား ဒုတိယပိုင်းဆက်လက်ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အသီးသီး အမှာစကားပြောကြားကြသည်။

မိုးလုံလေလုံအားကစားရုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို KT ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးကျော်သက်လှိုင်က အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းက လက်ခံယူသည်။

ကြည့်ရှုအားပေး

တိုင်းမှူး ၊ဝန်ကြီးနှင့်အဖွဲ့သည် အေရိုးဗစ်၊ ကိုယ်လက်ကြံ့ခိုင်မှု၊ မြန်မာ့သိုင်း၊ ကရာတေး၊ သိုင်းနှင့် ဝူရှူးအဖွဲ့များ၏ အားကစားသရုပ်ပြမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းစီ ပေးအပ်ချီးမြှင့်ကြသည်။

အကုန်အကျခံ

အဆိုပါ အားကစားရုံသစ်ကြီးမှာ အလျား ပေ၁၂၀၊ အနံ ပေ၈၀ရှိ အဆောက်အအုံဖြစ်ကာ KTကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး တန်ဖိုးငွေကျပ်၁၁၉၇သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အား/ကာ ဦးစီး)

ဒုတိယဝန်ကြီးဦးကျော်သူ ဘာလီ ဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့
အနာဂတ် သဘာဝဘေး ကြိုတင်ကာကွယ်ရေး
အကောင်အထည်ဖော်ဆောင်ရွက်မှု ရှင်းလင်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းတွင် ဒီဇင်ဘာ ၁၀ရက်မှ ၁၁ရက်အထိ ကျင်းပခဲ့သည့် ဘာလီ ဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်

အဆိုပါဖိုရမ်သို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုယိုနို၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဟာဆန်နာလ်ဘိုလ်ကီးယား၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် ကီဗင်ရဒ်၊ တီမောလက်(စ်)တေနိုင်ငံ ဝန်ကြီးချုပ် ဇာနာနာဂုဇ်မာယိုး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဟာဆန်ဝီရာယူဒါအပါအဝင် နိုင်ငံပေါင်း ၃၂နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ယင်းဖိုရမ်တွင် အာရှဒေသတွင်း၌ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ မဟာဗျူဟာများကို ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။

ကြိုဆိုနှုတ်ဆက်

ဘာလီ ဒီမိုကရေစီဖိုရမ် တက်ရောက်ခဲ့ပြီးနောက် ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၂ရက်က ဂျကာတာမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဂျကာတာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဘဏ်လင်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ဂျကာတာမြို့သို့ရောက်ရှိစဉ် ဒုတိယဝန်ကြီး ဦးကျော်သူသည် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်အား သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ် သဘာဝဘေး ကြိုတင်ကာကွယ်ရေး အကောင်အထည်ဖော်စီမံ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကာ ဒေါက်တာဆူရင်ပစ်ဆူဝမ်က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ပညာအလင်းရောင်စာကြည့်တိုက် ပြန်လည်ထူထောင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျန်စစ်သားရပ်ကွက် ဥက္ကဋ္ဌ ဦးဘဏ်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးခင်မောင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အလှူရှင်များက စာအုပ်မျိုးစုံ ၁၂၅အုပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဏ်အောင်က လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပခုက္ကူ၌ ဟောပြော

ပခုက္ကူ ဒီဇင်ဘာ ၁၄

ပခုက္ကူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အမှာစကားပြောကြားသည်။ (ဝ၇ဝ)

ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ ဒုတိယပတ် စစ်တွေတွင်ကျင်းပ

စစ်တွေ ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်၆နာရီက စစ်တွေမြို့ နာရီစင်အနီး စာတိုက်ကြီးရှေ့မှ ဝေသာလီရင်ပြင်အားကစားကွင်းအထိ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ပြည်နယ်အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် ဇနီး ဒေါ်ကြည်ကြည်ဝေ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်နှင့် ဇနီးဒေါ်အေးအေးသန်း၊ အဖွဲ့ဝင်(၂) ဦးတင်မောင်နှင့် ဇနီးဒေါ်နွယ်နီ၊ ဒေသခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော NGO များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား၂၃၀၀၀ကျော် တက်ရောက်၍ နာရီစင်စုရပ်မှ မေယုလမ်းအတိုင်း ဝေသာလီရင်ပြင်အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)** ဝေသာလီအားကစားကွင်းတွင် လမ်းလျှောက်သူများ၊ ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများပြုလုပ်ပြီး ဘတ်စကက်၊ ကြက်တောင်၊ ဘောလုံး၊ ဖူဆယ်၊ ဖယောင်းတိုင် မီးထွန်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပရာ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၁၁၃)

မီးသတ်ဦးစီးဌာနသို့ သူနာတင်ယာဉ် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနတွင်အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် အမေရိကန်ဒေါ်လာ၂၂၀၀၀တန်ဖိုးရှိ BAW သူနာတင်ယာဉ်တစ်စီး လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ အလှူရှင် Myanmar Chemical & Machinery Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှိုင်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သူနာတင်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မုဒုံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၄

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ အသင်းဝင်များ၏ အသက် ၈၀နှင့် အထက် သက်ကြီး မိဘ ၇၃ဦးတို့အား ပူဇော်ကန်တော့ပွဲနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူး ငါးဘာသာရရှိသည့် ထူးချွန်ကျောင်းသား နှစ်ဦးအပါအဝင် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီး ၁၄ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူ သုံးဦးတို့အား ဂုဏ်ပြုပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)** ရှေးဦးစွာ သက်ကြီး ၃၀တို့အား အမှုဆောင်များ၊အလှူရှင်များနှင့်အသင်းဝင်များက ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြသည်။

ကျင်းပ

ထို့နောက် ဘွဲ့ထူး ဂုဏ်ထူးရရှိသူ သုံးဦးနှင့် ထူးချွန်ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အား အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)နှင့် ဦးသာလှ၊ အမှုဆောင်များနှင့် ပညာရည်ထူးချွန်ဆု ရန်ပုံငွေကျပ် သိန်း၁၀၀ မတည်အလှူရှင် ဦးမောင်မောင်တင် - ဒေါ်ဆွေဆွေဝင်းမိသားစုနှင့် အလှူရှင်များက ပေးအပ်ချီးမြှင့်ကြပြီး (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပသည်။ **(မြန်မာ့အလင်း)**

ယုဇနပလာဇာ မြေညီထပ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာမြေညီထပ်၌ ယနေ့ ညနေ ၆နာရီ ၂၅မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ ညနေ ၆နာရီ ၄၅မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၇နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မြေညီထပ်ရှိ ဆိုင်ခန်းအမှတ် F-19, F-20, E-19, E-20 ဆိုင်ခန်းလေးခန်းရှိ အထည်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဆိုင်ခန်းအမှတ် F-19 ရှိ သောက်ရေအေးစက် (water cooler) မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



နယူးကာဆယ်က ပို့စ်မောက်ကို သုံးဂိုးပြတ်အနိုင်ယူ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ သရေပွဲကြုံ

လန်ဒန် ဒီဇင်ဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၁၇)လက်ကျန်ပွဲများကို ဒီဇင်ဘာ ၁၄ရက်က ဆက်လက်ယှဉ်ပြိုင် ကစားရာ ပို့စ်မောက်တို့ အိမ်ကွင်း၌ ဧည့်သည် နယူးကာဆယ်တို့၏ သုံးဂိုးပြတ် သွင်းပြီး ပညာပေးခြင်းကို ခံခဲ့ရသည်။ ချယ်လ်ဆီးတို့လည်း အိမ်ကွင်း၌ သရေပွဲ ကြုံတွေ့ခဲ့ရသည်။

ပို့စ်မောက်နှင့် နယူးကာဆယ်

ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်း ၅၁မိနစ်၌ နယူးကာဆယ်တိုက်စစ်မှူး ဂူတီရာရက်ဇ်က ပို့စ်မောက်ဂိုးရှေ့ ချပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးအိုဝင်က ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အပိုင်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ပို့စ်မောက်တို့ ဆက်တိုက်ထိုးဖောက်ကစားနိုင်ခဲ့ရာ ၇၇မိနစ်၌ ဂျို့အင်ရီဂွီ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဒဏ်ရာသက်သာ၍ ပြန်ဝင်ကစားသည့် တိုက်စစ်မှူး မာတင်က ညာခြေဖြင့် အပိုင်ကန်သွင်းခဲ့၍ ဒုတိယဂိုး ရရှိခဲ့သည်။ ပို့စ်မောက်တို့ ချေပဂိုးများမသွင်းနိုင်ဘဲ ရှိနေရာ ၈၉မိနစ်၌ အမီယိုဘီဖြတ်ပေးလိုက်သည့် ဘောလုံးကို ရှုရှိုင်းက သွင်းယူခဲ့သဖြင့် နယူးကာဆယ်တို့ ပို့စ်မောက်ကွင်း၌ သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်နှင့် နယူးကာဆယ်တို့ပွဲတွင် နယူးကာဆယ်တိုက်စစ်မှူး အိုဝင်(ယာ) ဤသို့ ဂိုးသွင်းယူခဲ့သည်။

ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်း

ဒေကို၊ အနယ်လ်ကာ ၊ ဂျိုးကိုလ်၊ ဘောလက်၊ လမ်းပတ် စသည့် အမာခံကစားသမားများကို အပြည့်ထုတ်သုံးခဲ့သည့် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ သို့သော် ဝက်စ်ဟမ်း နောက်ခံလူများ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် အပိုင်ဂိုးသွင်းခွင့် ချယ်လ်ဆီးတို့ တစ်ကြိမ်သာရရှိသည်။ ဝက်စ်ဟမ်းအတွက် အဖွင့်ဂိုးကို ၃၃မိနစ်၌ ဘယ်လာမီက သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာမှ မိနစ်၅၀၌ အနယ်လ်ကာက ရှစ်ကိုက်အကွာမှ သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၁၇)အပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	လီဗာပူး	၁၇	၁၁	၅	၁	၃၈
၂	ချယ်လ်ဆီး	၁၇	၁၁	၄	၂	၃၇
၃	မန်ယူ	၁၆	၉	၅	၂	၃၂
၄	ဗီလာ	၁၇	၉	၄	၄	၃၁
၅	အာဆင်နယ်	၁၇	၉	၃	၅	၃၀
၆	ဟူးလ်စီးတီး	၁၇	၇	၆	၄	၂၇
၇	အဲဗာတန်	၁၇	၇	၄	၆	၂၅
၈	ပို့စ်မောက်	၁၇	၆	၅	၆	၂၃
၉	ဝီဂန်	၁၇	၆	၄	၇	၂၂
၁၀	ဖူလ်ဟမ်	၁၆	၅	၆	၅	၂၁
၁၁	ဘော်လ်တန်	၁၇	၆	၂	၉	၂၀
၁၂	မစ်ဒယ်ဘရော့	၁၇	၅	၅	၇	၂၀
၁၃	စတုတ်	၁၇	၅	၅	၇	၂၀
၁၄	နယူးကာဆယ်	၁၇	၄	၇	၆	၁၉
၁၅	စပါး	၁၇	၅	၄	၈	၁၉
၁၆	ဝက်စ်ဟမ်း	၁၇	၅	၄	၈	၁၉
၁၇	မန်စီးတီး	၁၇	၅	၃	၉	၁၈
၁၈	ဆန်းဒါးလန်း	၁၇	၅	၃	၉	၁၈
၁၉	ဘလက်ဘန်း	၁၇	၃	၄	၁၀	၁၃
၂၀	ဝက်စ်ဘရွန်း	၁၇	၃	၃	၁၁	၁၂

လာလီဂါ အနိုင်/အရှုံး (၁၄-၁၂-၂၀၀၈)

ဗလင်စီယာ	၂-၁	အက်စ်ပန်းညို
ဘာစီလိုနာ	၂-၀	ရီးရဲမက်ဒရစ်
ဆီဗီလာ	၀-၀	ဗီလာရီးရဲ

စီးရီးအေ အနိုင်/အရှုံး (၁၄-၁၂-၂၀၀၈)

ဖီအိုရင်းတီးနား	၂-၀	ကာတာနီးယား
ဂျီနိုအာ	၁-၁	အတ္တလန္တာ
အင်တာမီလန်	၄-၂	ချီယေဗို
ပါလာမို	၂-၀	ဆီနာ
ရက်ဂျီးနား	၀-၂	ဆမ်ဒိုးရီးယား
ရိုးမား	၃-၂	ကက်ဂလီရာရီ
အူဒီးနီးစ်	၃-၃	လာဇီယို

(အင်တာနက်)

အင် တာ နက် အား က စား မှတ် စု မောင် ချစ် ကြည်

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်မင်းသိန်း** ၈/မကန(နိုင်)၀၀၉၇၆၅ နှင့် ကျွန်မ **မလဲ့လဲ့အောင်ငြိမ်း** ၁၂/ဒဂန(နိုင်)၀၀၀၅၉၁ တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၁၂-၁၂-၂၀၀၈ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်မင်းသိန်း-မလဲ့လဲ့အောင်ငြိမ်း။

(၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာဆုတောင်း

၁၅-၁၂-၂၀၀၈ ရက်တွင် ကျရောက်သော ချစ်ဖေဖေ **ဦးစိုးအောင်**နှင့် ချစ်မေမေ**ဒေါ်ခင်အုန်းမြင့်**တို့၏ (၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာနှစ်ပတ်လည်မှသည် သက်ဆုံးတိုင် ဖေဖေနှင့် မေမေကိုချစ်သော သမီးတို့နှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လက်ချောင်းငါးခု ပေါင်းစုမြဲခဲ့
တို့လက်သီးဆုပ်လေး မဖြေစတမ်းပေါ့
မြဲမြဲခိုင်ခိုင် ဆုပ်မြဲသာမို့
နောင်နှစ်ရာကျော် မြဲအောင်ဆုပ်လျက်
သမီးတို့က ဆုမွန်တောင်းလျက်
ဆန္ဒပြုလျက် တမ်းတလျက်။

ချစ်သမီးများ - ခင်ဥမ္မာစိုးအောင်၊ ခင်မြတ်နန္ဒာစိုးအောင်၊ ခင်မြတ်စန္ဒီစိုးအောင်။

ကျေးလက်စက်ရေတွင်းများ ကွင်းဆင်းစစ်ဆေး

အရာတော် ဒီဇင်ဘာ ၁၄

အရာတော်မြို့နယ် ကျေးလက်စက်ရေတွင်းများ ပုံမှန်လည်ပတ်မှု ရှိမရှိကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကမ်းပြူ(အရှေ့) ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တရုတ်-အာဆီယံ အမျိုးသားဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဒီဇင်ဘာ ၁၆ရက်မှ ၂၂ရက်အထိ ကျင်းပမည့် တရုတ်-အာဆီယံ အမျိုးသားဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်အသင်းသည် ယမန်နေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

သူတို့ပါဝင်

ပြိုင်ပွဲဝင် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်သိန်း(ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ချုပ်)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးခင်ဟို(အမှုဆောင်၊ အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်ဝင်း၊ နည်းပြအဖြစ် ဦးစိန်ဝင်း၊ ဆက်သွယ်ရေးအရာရှိအဖြစ် ဦးသက်လွင်၊ အားကစားသမားများအဖြစ် မောင်ငယ်၊ ဘုဏ်လင်း၊ ခွန်စိုင်း၊ ညီညီဇော်၊ မင်းမင်းထွန်း၊ နေမျိုးမင်း၊ စိုးမင်းထွန်း၊ စိုင်းသီဟစိုး၊ ဆက်မွန်မင်းနှင့် ပိုင်ဖြိုးသက်လွင်တို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

ကျောက်ဆည်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

ကျောက်ဆည် ဒီဇင်ဘာ ၁၄

ကျောက်ဆည်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ရွှေစေတီရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို နိုဝင်ဘာ၂၈ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကွင်းဆင်းစစ်ဆေးရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ဆုချီးမြှင့်

အမက(၄) ဒေါပုံ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းကျောင်းသူ မခိုင်ခိုင်ဖြိုးအောင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ထန်းတပင် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

ပဲခူးတိုင်း ထန်းတပင်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးချိုဦး ဖုန်း-၀၅၄-၂၅၁၈၅၊ ဦးသက်တင်ထွန်း ဖုန်း-၀၅၄-၂၄၃၈၀၊ ဦးဇော်ဝင်း(မင်းကြီးညို) ဖုန်း-၀၅၄-၂၄၂၂၃၊ ဦးဝင်းတင် ဖုန်း-၀၅၄-၂၅၉၈၈၊ ဦးမောင်မောင် (နှင်းဝတ်ရည်) ဖုန်း-၀၅၄-၂၅၂၂၃၊ ဦးနေမျိုးကျော် (ဆန်းသစ်လွင်) ဖုန်း-၀၅၄-၂၅၉၈၃နှင့် ဒေါ်မိုးမြတ်မြတ်မိုး (ရန်ကုန်) ဖုန်း-၀၁-၅၀၄၈၃၉၊ ၀၉-၅၁-၂၃၉၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပီပါခွံထုသံ နားမခံသာ

စာတည်းရှင့်-

စစ်တွေမြို့ ကုန်သည်လမ်း မောလိပ်ရပ်ကွက်ရှိ ပီပါခွံလုပ်ငန်းသည် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ပီပါခွံထုသံများကြောင့် အနီးပတ်ဝန်းကျင် နေထိုင်သူများအား နားမခံသာဘဲ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

ဈေးဆိုင်နှင့် ဆိုက်ကားများ သတ်မှတ်နေရာတွင် ရှိစေချင်

စာတည်းခင်ဗျား-

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် မင်းဒင်လမ်းမတစ်လျှောက်တွင် လမ်းဧရိယာပေါ်တက်၍ ရောင်းချနေသော ဈေးဆိုင်များနှင့် လမ်းမပေါ်တက်ကာ ရပ်နားထားသော ဆိုက်ကားများကြောင့် လမ်းသွားသူများ သွားလာရခက်ခဲနေပါသဖြင့် သတ်မှတ်နေရာများတွင်သာ ရောင်းချ၊ ရပ်နားစေရေးအတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မင်းဒင်လမ်းသား**

ရေညစ်ညမ်းမှု ကာကွယ်ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့ပေါ်နေထိုင်သူတချို့ အမှိုက်သရိုက်နှင့် အညစ်အကြေးများကို နန်းကလိန်ချောင်း၊ ဥပုပ်ချောင်းနှင့် သံတံတားချောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ ယင်လုံအိမ်သာများ ပြည့်လျှံ၍ ထုတ်ပစ်သော မစင်အညစ်အကြေးများကို ကားဖြင့် တိတ်တဆိတ် ညအမှောင်၌ ချောင်းထဲသို့ စွန့်ပစ်ခြင်းကြောင့် ချောင်းရိုးတစ်လျှောက် နေထိုင်သူများအတွက် ရေထုညစ်ညမ်း၍ ကျန်းမာရေး ထိခိုက်စေနိုင်ပါ၍ ရေညစ်ညမ်းမှုဘေးမှ ကာကွယ်ပေးပါရန် တင်ပြအပ်ပါသည်။

ပြင်သာရွာသားများ

ရပ်ကွက်အတွင်းမှဝပ်ရှော့ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်မြောက်အုပ်စု လမ်းမတော်လမ်း အင်တာနက်ရှေ့ရှိ ဝပ်ရှော့သည် နေ့စဉ်နှင့်အမျှ စက်မောင်းသံ၊ ဂဟေဆော်သည့်အနံ့များ၊ သံပြားရိုက်သံများကြောင့် ပတ်ဝန်းကျင် ပြည်သူများ အနှောင့်အယှက်ဖြစ်ရသဖြင့် ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းရှင့်-

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကုန်သည်လမ်း မြောက်ပိုင်းတွင် ပုံကျဈေးသည်များ စွန့်ပစ်ခဲ့သောအမှိုက်များမှ အနံ့ဆိုးများကြောင့် ခြင်၊ယင်၊ကြွက်များပေါများပြီး ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကုန်သည်လမ်းမြောက်ပိုင်းသူ**

ဆူညံသံများ ကင်းစေချင်

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ ဇေယျာလမ်းမပေါ်ရှိ အိမ်တစ်အိမ်သည် ဘီလိယက်ခုံလုပ်ငန်းကို ညဉ့်နက်သန်းခေါင်အထိ လုပ်ကိုင်လျက်ရှိပြီး ကစားသူများကလည်း ဆူညံစွာအော်ဟစ်ကစားလေ့ရှိကြသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ညစဉ်ညတိုင်း အိပ်ရေးပျက်အနှောင့်အယှက်ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

သံသေတ္တာလုပ်ငန်း ဆူညံစွာလုပ်ကိုင်မှု ဆောင်ရွက်ပြီးစီး

၃-၁၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးတိုင်း မြင်းခြံမြို့ အမှတ် ၁၃ရပ်ကွက် နယ်မြေ ၁၁တွင် သံသေတ္တာလုပ်ငန်း ဆူညံစွာလုပ်ကိုင်နေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရွှေဘိုမြို့၌ ဝက်မွေးမြူမှု ဆောင်ရွက်ပြီးစီး

၃-၁၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရွှေဘိုမြို့ အမှတ်(၄) အောင်ဇေယျရပ်ကွက်တွင် ကျန်းမာရေးထိခိုက်ရ၍ ဝက်မွေးမြူရေး ဖယ်ရှားပေးစေလို** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

တစ်ကြိမ်မျှမရခဲ့သလို ခံစားရ

လန်ဒန် ဒီဇင်ဘာ ၁၄

“ဖီဖာက ၂၀၀၈ခုနှစ် အကောင်းဆုံး နည်းပြအဖြစ် ဆန်ခါတင်စာရင်း၌ ထိပ်ဆုံးက ရွေးချယ်ထားမှုအပေါ် ဂုဏ်ယူကျေနပ်ပါတယ်၊ အရင်က လေးကြိမ်ရရှိခဲ့ပြီး ဖြစ်ပေမယ့် တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးတဲ့ နည်းပြတစ်ဦးလို စိတ်ထဲခံစားရပါတယ်”ဟု မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

မမေ့နိုင်စရာဖြစ်ရပ် ဖြစ်နေမှာပါ

လန်ဒန် ဒီဇင်ဘာ ၁၄

“ကျွန်တော့်အိပ်မက်တွေ အကောင်အထည်ပေါ် လာပြီထင်တယ်၊ ၂၀၀၈ခုနှစ်အကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန်ခါတင်ကစားသမားလူစာရင်းမှာ ကျွန်တော့်ကို ထိပ်ဆုံးကရွေးချယ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင် လေးစားပါတယ်။ ကျွန်တော့်အနေနဲ့ မန်ယူကလပ်နဲ့အတူ ဒီဆုကိုရရင် ဆရာကြီးဖာဂူဆန်နဲ့အတူ အောင်ပွဲခံရမှာမို့ မမေ့နိုင်စရာဖြစ်ရပ် ဖြစ်နေမှာပါ”ဟု စီရိုနယ်ဒိုက ပြောကြားသည်။

မျှော်မှန်းထားတာ တကယ်ဖြစ်လာတော့မယ်

လန်ဒန် ဒီဇင်ဘာ ၁၄

“ဒတ်ချ် နည်းပြဗီရာပေါက ၂၀၀၆ခုနှစ်ကတည်းက ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားလို့ခေါ်နေခဲ့တာ အခုတော့ တကယ်ဖြစ်လာတော့မယ်ထင်ပါတယ်။ ဒီဆုကို မျှော်မှန်းမထားတာတော့အမှန်ပါပဲ၊ အပြီးသတ် ရွေးချယ်ခံရရင်တော့ အတိုင်းထက်အလွန် ပျော်ရွှင်ရမှာပါ”ဟု ဖီဖာ၏ ၂၀၀၈ခုနှစ် အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆုအတွက် ထိပ်ဆုံး၌ အမည်ရွေးချယ်ခံရသူ အင်္ဂလန်နဲ့ အာဆင်နယ်တိုက်စစ်မှူး ကီလီစမစ်က ပြောကြားသွားသည်။

ထိုက်သင့်တဲ့သူပါပဲ

လန်ဒန် ဒီဇင်ဘာ ၁၄

“၂၀၀၈ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆုကိုတော့ စီရိုနယ်ဒို ရသင့်တာအမှန်ပါပဲ။ တကယ်ထူးချွန်တဲ့အပြင် အသင်းအောင်မြင်မှုအတွက်လည်း စွမ်းဆောင်ပေးနိုင်တဲ့သူမို့ ထိုက်သင့်တယ်လို့ထင်ပါတယ်”ဟု ၂၀၀၈ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ဆန်ခါတင်ရွေးချယ်မှု၌ ပါဝင်သူ တောရက်စ်က ပြောကြားသည်။

ဝေဖန်မှုများ ခံနေရသော လီဗာပူး တိုက်စစ်မှူးရော်ဘီကိန်း။

ရော်ဘီကိန်းသည် အန်ဖီးလ်၏ အသည်းစွဲဖြစ်လာနိုင်ဟု လီဗာပူးကစားသမားဟောင်း ဘမ်ဘီပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၄

လီဗာပူးတိုက်စစ်မှူး ရော်ဘီကိန်းသည် အန်ဖီးလ်၌ အသည်းစွဲတစ်ဦးဖြစ်လာမည့်သူဖြစ်ကြောင်း နစ်ကီဘမ်ဘီက ထောက်ခံပြောကြားလိုက်သည်။

ဝေဖန်မှုများ

ပြီးခဲ့သည့်နွေရာသီက စပါးအသင်းမှ လီဗာပူးသို့ ပေါင်သန်း၂၀ဖြင့် ပြောင်းရွှေ့လာကတည်းက ရော်ဘီကိန်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ ၁၅ပွဲကစားရာတွင် နှစ်ဂိုးသာ သွင်းနိုင်ခဲ့သောကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

ဆွဲဆောင်

ကိန်းသည် အန်ဖီးလ်တွင် စွမ်းဆောင်ရည်ကျဆင်းနေသောကြောင့် စပါးအသင်းသို့ ပြောင်းရွှေ့ကြေး လျှော့ပေါ့သောနှုန်းဖြင့် ပြန်လာရန်ဆွဲဆောင်ခြင်းကိုလည်း ခံနေရသည်။

သို့သော်လည်း ဟူးလ်စီးတီးတွင် ရောက်ရှိနေသော အသက် ၃၄နှစ်ရှိ လီဗာပူးကြယ်ပွင့်ဟောင်း ဘမ်ဘီက နည်းပြဘင်နီတက်ဇ်အနေဖြင့် အိုင်ယာလက်ရွေးစင်ကြယ်ပွင့် ကိန်းအား အပတ်တကုတ် သည်းခံကြိုးစား လေ့ကျင့်ပေးပါက ထိပ်တန်းတိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်လာမည်မှာသေချာကြောင်း ဘမ်ဘီက ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ဈေးအမြင့်ဆုံးလုပ်ခလစာနဲ့ ပြောင်းရွှေ့မယ့် ဂိုးသမားဘတ်ဖွန်

မောင်မောင်မြင့်ဆွေ ရေးသား၍ ❖ သန်းအေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့ စည်းသည်

လန်ဒန် ဒီဇင်ဘာ ၁၄

လာမယ့်ဇန်နဝါရီလ ဘောလုံးသမား အပြောင်းအရွှေ့ ဈေးကွက်အဖွင့်မှာ ပရီမီယာလိဂ်ကို အစောဆုံးရောက်လာမယ့် ဘောလုံးသမားကတော့ ဂျူဗင်းတပ်စ်ဂိုးသမား ဘတ်ဖွန်ပဲဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိနေပြီဖြစ်တဲ့ အီတလီနဲ့ ဂျူဗင်းတပ်စ် ဂိုးသမားဘတ်ဖွန်ကို မန်စီးတီးကလပ်ပိုင်ရှင် စော်ဘွားတွေက မန်စီးတီးနည်းပြ မက်ခ်ဟုချ်နဲ့ ဆွေးနွေးပြီး အခုလို ဝယ်ယူဖို့ ဆုံးဖြတ်လိုက်တာပဲ ဖြစ်ပါတယ်။

မန်စီးတီးကလပ်ပိုင်ရှင်တွေက ဂိုးသမား ဘတ်ဖွန်ကို ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း၂၀ပေးမှာဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ ပေးမယ်လို့ ဆိုထားတာကြောင့် ဒီလစာငွေဟာ ကမ္ဘာ့ဘောလုံးလောကမှာတော့ အမြင့်ဆုံးစံချိန်တင်လစာငွေပဲ ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးအမြင့်ဆုံးလုပ်ခလစာ တစ်ပတ် ပေါင်နှစ်သိန်းခွဲနဲ့ မန်စီးတီးသို့ ပြောင်းရွှေ့မယ့် ဂိုးသမားဘတ်ဖွန်။ (အင်တာနက်-ဓာတ်ပုံ)

ဂယက်ထ

ဒီလိုမက်မောလောက်တဲ့ လစာငွေတွေပေးပြီး စာချုပ်ချုပ်ဖို့ အပူတပြင်းလုပ်ဆောင်နေတာမို့ ကြေးစားဘောလုံးသမားတွေရဲ့ကြားမှာ အပြင်းထန်ဆုံး ဂယက်တွေထစေခဲ့တော့တာပါပဲ။ ဂိုးသမားတစ်ဦးရဲ့တစ်ပတ်လုပ်ခလစာငွေဟာ ကမ္ဘာကျော် တိုက်စစ်မှူးတွေရဲ့လစာထက် ထက်ဝက်လောက်ပိုများနေတာမို့ ကမ္ဘာကျော်တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားတဲ့ ကလပ်ပိုင်ရှင်တွေ တအံ့တသြ ဖြစ်စေကုန်ပါတယ်။

မန်စီးတီးပိုင်ရှင်ဘီလျံနာသူဌေး စော်ဘွားတွေကတော့ သူတို့ကြိုက်တဲ့ ဘောလုံးသမားတွေကို အမြင့်ဆုံးလစာငွေပေးဖို့ လက်မတွန့်ဘူးလို့ ပြောကြားနေတာမို့ ကလပ်ပိုင်ရှင်တွေလည်း ဘောလုံးသမားကောင်းတွေ ထိန်းသိမ်းဖို့ အကျပ်အတည်းတွေ တွေ့စေတော့တာပါပဲ။

တကယ်တော့ ဂျူဗင်းတပ်စ်အသင်းမှာ ဘတ်ဖွန်ရရှိနေတဲ့ တစ်ပတ်လုပ်ခလစာဟာ ပေါင် ၉၀၀၀၀ ပဲဖြစ်တာမို့ အခုပေးတဲ့ လုပ်ခလစာက လက်ရှိထက်သုံးဆ လောက်များနေတာမို့ ဘတ်ဖွန်က ပြောင်းရွှေ့စာချုပ်ချုပ်ဖို့ ပြင်ဆင်နေပါပြီ။ ဂျူဗင်းတပ်စ်အသင်းကလည်း ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ရမှာမို့ ခွင့်ပြုဖို့ဆောင်ရွက်နေပါတယ်။ ဂိုးသမားတစ်ဦးရဲ့ ပြောင်းရွှေ့ကြေးဟာလည်း တကယ့်ကို များပြားတဲ့ဈေးလည်းဖြစ်နေတာမို့ ဂျူဗင်းတပ်စ်က လက်ခံမှာဖြစ်ပြီး ဘတ်ဖွန် မန်စီးတီးပြောင်းရွှေ့ဖို့ကတော့ အမြန်ဆုံးဖြစ်ပေါ်လာတော့မှာပါ။

ဖြည့်ဆည်း

ဂျူဗင်းတပ်စ်မှာ လက်ရှိဂိုးသမား ဘတ်ဖွန်အပါအဝင် လေးဦးရှိပါတယ်။ ချီမန်တီ၊ မင်နင်ဂါနဲ့ နော့ချီတို့ရှိနေတာမို့ အားလုံးဟာ လက်စွမ်းပြနိုင်တဲ့ ဂိုးသမားတွေပါပဲ။ ဒါပေမယ့် ဘတ်ဖွန်ပြောင်းရွှေ့လို့ရတဲ့ ငွေကြေးနဲ့ ထိပ်တန်းဂိုးသမားတစ်ဦးကို အမြန်ဆုံးဖြည့်ဆည်းပေးသွားမယ်လို့ ဂျူဗင်းတပ်စ်ကလပ်က ဆိုနေပါတယ်။

ငွေကြေးကြောင့်သာ ဘတ်ဖွန်ကို ပြောင်းရွှေ့ဖို့ခွင့်ပြုလိုက်ရပေမယ့် ဘတ်ဖွန်နေရာကို အပြည့်အဝ စိတ်ချစွာအစားထိုး တာဝန်ယူနိုင်မယ့် ဂိုးသမားမျိုးကလည်း ရှားနေပြန်ပါတယ်။ တကယ်တော့ ဂျူဗင်းတပ်စ်အသင်းဟာ ဘတ်ဖွန်ရဲ့အောင်မြင်မှုတွေဖြစ်ပေါ်စေတဲ့အသင်းပါပဲ။ ဂျူဗင်းတပ်စ်အသင်းကို ၂၀၀၁-၂၀၀၂ ဘောလုံးရာသီကတည်းက ရောက်ရှိကစားနေတဲ့ဘတ်ဖွန်ဟာ စီးရီးအေဖလားကိုရယူအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ဂိုးသမားဖြစ်ပါတယ်။

ဘတ်ဖွန်ဟာ မိခင် အီတလီဘောလုံးအသင်း ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ကမ္ဘာ့ဖလားရအောင် ပြောင်မြောက်စွာလက်စွမ်းပြနိုင်ခဲ့တဲ့သူပါပဲ။ အီတလီအသင်းကမ္ဘာ့ဖလားကို ကိုင်မြှောက်ခွင့်ရအောင် သေချာပေါက်ဂိုးသွင်းမှု အကြိမ်ပေါင်း ၄၀ကို ကာကွယ်ပေးနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ တကယ်တော့ ၂၀၀၆ခုနှစ် အီတလီအသင်းကမ္ဘာ့ဖလားကိုရအောင် အဓိကစွမ်းဆောင်ပေးခဲ့တာ ဟာဘတ်ဖွန်လို့ဆိုရင် မမှားပါဘူး။

လက်ရှိကမ္ဘာပေါ်မှာ အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံထားရတဲ့ ဘတ်ဖွန်ဟာ လာမယ့် ၂၀၁၀အထိ ဂျူဗင်းတပ်စ်နဲ့စာချုပ်ထားပေမယ့် အဆမတန်လုပ်ခလစာပေးနေတဲ့ မန်စီးတီးကလပ်ကိုလာမယ့် ဇန်နဝါရီအပြောင်းအရွှေ့မှာ ရောက်ရှိလာတော့မှာပါ။ ဘတ်ဖွန်ဟာ ကမ္ဘာပေါ်မှာ လုပ်ခလစာအများဆုံးဘောလုံးသမားနဲ့ ထိုက်တန်တဲ့လက်စွမ်းပြနိုင် မပြနိုင်ကတော့ စိတ်ဝင်စားစွာ စောင့်ကြည့်ရတော့မှာပဲဖြစ်ပါကြောင်း။ ။**(အင်တာနက်)**

မန်နီပက်ကွီယာအိုနှင့်ယှဉ်ပြိုင်ထိုးသတ်ဖြစ်အောင် ထိုးသတ်မည် လက်ဝှေ့ကျော်ရစ်ကီဟတ်တန် အခိုင်အမာပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၄

လက်ဝှေ့ကျော် ရစ်ကီဟတ်တန်။

လက်ဝှေ့ကျော် ရစ်ကီဟတ်တန်သည် လာမည့်ကာလ၌ ပြိုင်ဘက်လက်ဝှေ့သမား မန်နီပက်ကွီယာအိုနှင့် ယှဉ်ပြိုင်ထိုးသတ်ဖြစ်အောင် ထိုးသတ်မည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

ယုံကြည်မျှော်လင့်

ဟတ်တန်သည် ၎င်း၏လက်ရှိပြိုင်ဘက် ဂျူအန်လက်ဇ်ကာဒိုနှင့် ပေါ်လီမာနစ်လက်ဂီတို့အား အနိုင် ရရှိပြီးနောက် ဝိတ်တန်းတူ ကမ္ဘာ့အကောင်းဆုံး လက်ဝှေ့ကျော်များ အနက်မှ တစ်ဦးဖြစ်သည့် ပက်ကွီယာအိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခွင့်ရမည်ဟု ယုံကြည်မျှော်လင့်ထားသူ ဖြစ်သည်။

သတင်းထွက်ပေါ်

သို့သော်လည်း ဝယ်လ်တာဝိတ်တန်းတွင် ရှုံးပွဲမရှိခဲ့ဖူးသေးသူ ဖလွိုက်မေဝဲသားဂျူနီယာသည် အနားယူရာမှ ပြန်လာပြီး ပက်ကွီယာအိုအား ယှဉ်ပြိုင်ထိုးသတ်ရန် အခွင့်ကောင်းကို စောင့်ဆိုင်းနေသည်ဟု သတင်းများထွက်ပေါ်နေပြန်သည်ဟု ဆိုသည်။

ထိပ်တန်းအဆင့်

အသက်၃၂နှစ်ရှိ ဟတ်တန်သည် အရေးထားစရာမဟုတ်ဟုဆိုသော်လည်း လွန်ခဲ့သော တစ်နှစ်က ၎င်းရှုံးနိမ့်ခဲ့ဖူးသော ဟတ်တန်သည် ယခုအခါထိပ်တန်းအဆင့်တွင် ရှိနေကြောင်း ပက်ကွီယာအိုကဆိုသည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

လာမည့်ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ကိုရေးပါဗင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူမည်

လန်ဒန် ဒီဇင်ဘာ ၁၄

လာမည့်နှစ်တွင်အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် အမေရိကန်ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကိုရေးပါဗင်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေး ယှဉ်ပြိုင်စေမည်ဟု သတင်းတွင် ဖော်ပြသည်။

၁၅နှစ်အကြာ

အသက် ၄၉နှစ်ရှိ ကယ်လီဖိုးနီးယားပြည်နယ်သား ပါဗင်သည် သူနောက်ဆုံး ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးပြိုင်ပွဲမှ ၁၅နှစ်အကြာဖြစ်သည့် ၂၀၁၀ပြည့်နှစ်တိုင်အောင် အသင်းအား ဦးဆောင်ရမည် ဖြစ်သည်။

ယှဉ်ပြိုင်ခဲ့

၁၉၉၁၊ ၁၉၉၃နှင့် ၁၉၉၅ခုနှစ်တို့တွင် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကစားခဲ့သူ ပါဗင်သည် ၁၉၉၃ခုနှစ်ကတည်းက ပထမဦးဆုံးအကြိမ်အဖြစ်ရိုက်ဒါဖလားကိုဆက်တိုက်ရယူကာအောင်မြင်မှုကို ဆောင်ကြဉ်းနိုင်ဖွယ်ရှိကြောင်းသတင်းတွင်ဖော်ပြသည်။**(အင်တာနက်)**

ချစ်သားကြီး မောင်ရီထွန်းမျိုး၏ (၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်တီတီ၊ ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ အချစ်ဆုံးသားကြီး မောင်ရီထွန်းမျိုး၏ ၁၅-၁၂-၂၀၀၈ရက်တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့ မှစ၍ နောင်နှစ်ပေါင်းရာကျော်သည့်တိုင် ချမ်းမြေ့သာယာခြင်း၊ ရှင်းသန့်ဖြူစင်ခြင်း၊ ဉာဏ်ရည်ထူးချွန်ထက်မြက်ခြင်းနှင့် အောင်မြင်မှုများဖြင့် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်သော သားကောင်းသားမြတ် ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်-

ချစ်တီတီ-ဒေါ်အေးအေးမူ
ခေတ္တ(ဂျပန်)
ချစ်ဖေဖေ-ဗိုလ်ကြီးထွန်းထွန်းဦး(ငြိမ်း)
B.Sc(DSA), M.Dev.S
လက်ထောက်ညွှန်ကြားရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ချစ်မေမေ-မဌေးဌေးရီ
B.A(Geography)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊မြေကွက်အမှတ် (၆၉)၊ မြေကွက်တည်နေရာအမှတ် (၈၅)၊ လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်ခင်မေ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်ခင်မေ ကွယ်လွန်သဖြင့် ဦးတင်စိန် ၁၂/ သဃက(နိုင်)၀၉၅၂၃၆ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၅၀၅၈ ဂျာလင်း **C-90** ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၈/စလန(နိုင်)၀၉၉၀၅၄က(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(မင်းဘူး)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မင်းဘူး)။**

ဖခင်အမည်မှန်

မကွေးတိုင်း မင်းလှမြို့နယ် အထက(ခွဲ) မန်းသံပုရာကန် ပဋ္ဌမတန်း(**A**)မှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းအေးဖြစ်ပါကြောင်း။ **ဦးဝင်းအေး ၈/မကန(နိုင်)၀၆၅၀၅၅။**

ဈေးပြိုင်ချိပ်ပိတ်(တင်ဒါ)ခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် နိုင်ငံသားပြုခွင့်ဆိုင်ရာ လုပ်ငန်းသုံးပုံစံ(၅)မျိုး ရိုက်နှိပ်ခြင်းနှင့် နိုင်ငံခြားဖြစ် (၁၈လက်မ×၂၅လက်မ၊ ၂၂၀ GSM)ရှိ အစိမ်းရောင်စက္ကူကတ်ပြားကြီးများ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ရိုက်နှိပ် ပေးသွင်းလိုသူများသည် ၂၆-၁၂-၂၀၀၈ရက် (၁၆း၀၀)နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ လိပ်မူလျက် ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် ပုံစံနမူနာများအား ပန်းဆိုးတန်းလမ်းရှိ အမှတ် ၁၁၈/၁၂၂(မြေညီထပ်)တွင် တစ်စောင်လျှင် ငွေကျပ်၁၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ညွှန်ကြားရေးမှူး၊ စီမံနှင့် ဘဏ္ဍာဌာနခွဲနှင့် ဒုတိယညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၂၃)၊ ဖုန်းအမှတ်-၀၆၇-၄၀၄၃၈၀၊ ၀၆၇-၄၀၄၃၈၆နှင့် ၀၆၇-၄၁၄၈၇၆ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျွန်တော်မောင်နန်းဝင်း ၁၁/ရဗန(နိုင်)၀၆၅၄၂၀၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းထွန်း(ခ) ဦးသိန်းထွန်း၁၁/ရဗန(နိုင်)၀၀၉၈၀၃ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၈-၁၉၈၈ ဖြစ်ပါကြောင်း။

အမည်ပြောင်း

အမှတ်၈၆၊ ၁၅၇လမ်း တာမွေကြီး (က+ဂ)နေ အဖဦးလှမြင့်၏ သမီး မဇင်မာဦးအား မနွေဇင်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနွေဇင်လှိုင်။**

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘုံခုနစ်ဆင့် မုခ်ဦးပြာသာဒ်နှင့် တောင်ဘက်စောင်းတန်းတော်ကြီး မျက်နှာကြက်ပြား အလှူ့ရှင်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း ရင်ပြင်ပေါ်ရှိ မုခ်ဦး တန်ဆောင်းကြီးမှာ နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ ပျက်စီးယိုယွင်းနေသည်ဖြစ်သဖြင့် ဓာတ်ပုံတွင်ပါ ဘုံခုနစ်ဆင့်မုခ်ဦး အဆောက်အအုံ အသစ် အစားထိုးတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ ထို့အပြင် စေတီတော်မြတ်ကြီး၏တောင်ဘက်စောင်းတန်း အလျား ၃၈၄ ပေ၊ အနံ ၃၆ ပေရှိ တန်ဆောင်းတော်ကြီး၏ မျက်နှာကြက်ပြားများ တပ်ဆင်ရန်လည်း လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းများကို အလှူရှင် တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလှူရှင်များအား ဖိတ်ခေါ်အပ်ပါသည်။ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဂေါပက အဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်
ပဲခူးမြို့၊ဖုန်း-၀၅၂-၂၄၂၅၅၊ ၀၅၂-၂၁၀၆၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၇၄၈၈ တင်းလုံ **110** မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၈/ပခက(နိုင်)၁၈၂၃၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၉၆၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးလားလ်ဆန်းလေ့ယာ ၅/တမန (နိုင်)၀၁၀၇၉၅က(ကမ-၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ကလေးမြို့)။

ပျောက်ဆုံး

ဦးဒူးလာဂီရီ၏ နိုင်ငံသားလက်မှတ်နှင့် ဒေါ်ဘီစနူးမာယာ၏ ဧည့်နိုင်ငံသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ရန်နှင့် ကျေးဇူးဆပ်ပါမည်။ **ဒေါ်ဘီစနူးမာယာ။**

မီးသတိပြု

အမွေထိန်းလက်မှတ်စာရရှိပြီးဖြစ်သော ကွယ်လွန်သူဦးတင်လေးနှင့် ဦးတင်ထွေးတို့၏ အိမ်နှင့်မြေအား စီမံခန့်ခွဲခွင့်အတွက် နောက်ဆက်တွဲ အမိန့်ထုတ်ပေးရန် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ-၃၀၇(၂) အရလျှောက်ထားကြောင်း

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၇၇

ဦးတင်မော်လှိုင် **လျှောက်ထားသူ။**

(ကွယ်လွန်သူ ဦးတင်လေးနှင့် ဦးတင်ထွေးတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်သော အမှုတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။)

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူဦးတင်လေးနှင့် ဦးတင်ထွေးတို့၏ ကျန်ရှိနေသော ပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၃၁-၁-၂၀၀၇ ရက်တွင် ထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူ ဦးတင်လေးနှင့် ဦးတင်ထွေးတို့၏ အမွေထိန်းလက်မှတ်စာရရှိသည့်ပစ္စည်း (အိမ်နှင့်မြေ)နှင့်ပတ်သက်၍ ရောင်းချခြင်း၊ပေးကမ်းခြင်း၊ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအစရှိသည်တို့အား ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂) အရ လျှောက်ထားလာရာ ယင်းလျှောက်ထားချက်ကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၄ရက်)နံနက်၁၀နာရီအချိန်တွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သည့် အထက်အမည်ပါ ကွယ်လွန်သူတို့၏ ပစ္စည်းအရေးကိစ္စနှင့် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါရုံးချိန်းနေ့၌ ဤရုံးသို့ လာရောက် လျှောက်ထားတင်ပြနိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းအေး
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

တရားမပုံစံအမှတ်-၁၄၁

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားမရုံး၌
၂၀၀၈ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၅၄
ကွယ်လွန်သူ ဒေါ်ဝေဝေနွယ်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

မသူဇာထွန်းဝင်း **လျှောက်သူ။**

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၄)ရပ်ကွက်၊ဟေမဝန်လမ်း၊ အမှတ် ၁၉၂ နေ မသူဇာထွန်းဝင်းက ကွယ်လွန်သူ ဒေါ်ဝေဝေနွယ်၏ သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အမှတ် (၃၄၄)နေ ၎င်းကွယ်လွန်သူ ဒေါ်ဝေဝေနွယ်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ဝေဝေနွယ်၏ ကျန်ရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၆ရက် (၁၃၇၀ပြည့်နှစ် နတ်တော်လကွယ်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ မသူဇာထွန်းဝင်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွေး (တ/၁၆၈၅)
ဒုတိယခရိုင်တရားသူကြီး(၆)
အရှေ့ပိုင်းခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၅၀၅

ဘဏ်ခွဲမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(၁) မန္တလေးမြို့။ **တရားနိုင်**	**နှင့်**	၁။ဒေါ်မမကြီး(ခ) ဒေါ်စန်းစန်းမြင့် ၂။ကိုသက်နိုင်ဦး **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၆၄ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီသာမိုးမြောက်အရပ်၊ အကွက် ၄၉၀၊ ဦးပိုင် ၄၊ ဧရိယာ ၀ဒသမ၀၅၈၆ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေကွက်ပေါ်တွင် (၁၉×၂၇)ပေရှိ သွပ်မိုးနံကပ်၊ နှစ်ထပ်တိုက်နှင့်တွဲလျက်၊ (၁၉×၈)ပေရှိ သွပ်မိုးနံကပ်၊ တစ်ထပ်တိုက် အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၄၃၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်စိုး (တ/၂၁၅၁)
ဒုတိယခရိုင်တရားသူကြီး(၄)၊ မန္တလေးခရိုင်တရားရုံး။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ညောင်ဦး၌ကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၁၀

ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ အားကစားနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက်က ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာခရိုင်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ အားကစားနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကျန်းမာရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကျန်းမာရေး ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကြံခင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကြံခင်း ဒီဇင်ဘာ ၉

မိုးစပါးသီးနှံ ထုတ်လုပ်မှု စာရင်းမှန်ကန်မှု ရှိစေရေးအတွက် စပါးမျိုးကွဲများ၏ ပျမ်းမျှအထွက်နှုန်းရရှိစေရန် သီးနှံအထွက်နှုန်း တွက်ချက်ခြင်းနည်းလမ်းများ အသုံးပြုလျက် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကြံခင်းမြို့နယ်ဘက်ရဲကျေးရွာအုပ်စု ရှေ့တန်းစခန်း၌ ကျင်းပသည်။

နည်းလမ်း

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးအောင်ကြည်ဦးက အထွက်နှုန်းများတွက်ချက်ပုံစုခြင်းနည်းလမ်း အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီး ကွင်းအမှတ် (၅၈) နှင့် (၅၉)တို့တွင် စိုက်ပျိုးထားသော ဧရာမင်းစပါးမျိုးကွဲများအား စံကွက်ရိတ်သိမ်းခဲ့ရာ ကောင်းအဆင့်ရှိလယ်ကွက်မှ တစ်ဧကေ ၈၇ဒသမ၆၇တင်း၊ သင့်အဆင့်ရှိ လယ်ကွက်မှ တစ်ဧကေ ၇၈ဒသမ၂၅ တင်းနှင့် ညံ့အဆင့်ရှိ လယ်ကွက်မှ တစ်ဧကေ ၆၃ ဒသမ ၃၉ တင်းနှုန်း ရိတ်သိမ်းရရှိသည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် စိုက်ပျိုးဖြစ်ထွန်းနေသော မိုးစပါး ၄၁၃၃၄ ဧကကို မျိုးကွဲအလိုက် အထွက်နှုန်းမှန်ကန်စေရန်နှင့် စပါး စုစုပေါင်း အထွက်မှန်ကန်စေရေး အတွက် စံကွက်ပေါင်း ၁၀၈၅၄ ကွက် ရိတ်သိမ်းသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၇၀)ပြည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း (ဘုရားကြီး အရှေ့ဘက်မုခ်လမ်း) အမှတ် ၃၄ ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၁ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များက ဒီဇင်ဘာ၃၁ ရက် နောက်ဆုံးထား စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ဇီဝဗေဒဘာသာရပ် ဂုဏ်ထူးရရှိသော မလွင်မာမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ဆုတံဆိပ်ချီးမြှင့်စဉ်။ (ပညာရေး)

ရောင်စုံဖူးပွင့်နေသည့် ပန်းခင်းများ

အမျိုးသားကန်တော်ကြီးဥယျာဉ် တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသော ပြည်တွင်းပြည်ပ ပန်းမျိုးများဖြင့် ရောင်စုံဖူးပွင့်ဝေဆာနေသည့် ပန်းခင်းများကို တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

အဆင့်မြင့်သစ်ခွဥယျာဉ်

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့်သစ်ခွဥယျာဉ်တွင် သစ်ခွတစ်မျိုးကို တွေ့ရစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရာသီမရွေး လုံခြုံစိတ်ချစွာ ကူးသန်းသွားလာနိုင်သည့် ကချင်ပြည်နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းပေါ်တွင် အရေးပါသည့် ဒွန်ဘန်တံတား

သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၄

နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်ဆိုသည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်သည်။

မျှမျှတတ

နိုင်ငံတော်က ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြံ့နိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းစေရေးအတွက် ဖွံ့ဖြိုးမှုအားနည်းသည့် နယ်မြေဒေသများကို နည်းလမ်းမျိုးစုံရှာပြီး ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတစ်နံတစ်လျား ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မှန်မြတ်သည့်သဘောထားစီမံမှုအရ ယခုကဲ့သို့ ဆောင်ကြဉ်းပေးနေခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

15-12 (20).pmd 1 12/15/2008, 1:43 AM